# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ သောကြာနေ့။ Friday, 2 September 2022 ၁၀၈၄၆


## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တစ်ကျပ်သား၊ ငါးမူးသားနှင့် တစ်မတ်သား အလေးချိန်ရှိသော ရွှေဒင်္ဂါးပြားများ လွတ်လပ်စွာ ရောင်းချပေးရန် စီစဉ်

နေပြည်တော် စက်တင်ဘာ ၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တစ်ကျပ်သား၊ ငါးမူးသားနှင့် တစ်မတ်သား အလေးချိန်ရှိသော ရွှေဒင်္ဂါးပြားများကို လွတ်လပ်စွာ ရောင်းချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


**ယနေ့** ဖတ်စရာ

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး

စာမျက်နှာ » ၃

အသိနဲ့အကျင့်

ဆောင်းပါး စာမျက်နှာ » ၆

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ၁၃၈၄ ခုနှစ် တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့) အခမ်းအနား ကျင်းပမည်

စာမျက်နှာ » ၈

အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး

ဆောင်းပါး စာမျက်နှာ » ၁၁


## ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပသည့် International Army Games-2022 ပြိုင်ပွဲဝင် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့် International Army Games–2022 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ/စစ်သည်၊ မိသားစုများက လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✫



ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပသည့် International Army Games–2022 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုကြစဉ်။

## မြန်မာ့ငါးရှဉ့်နှင့် ကဏန်းအရှင် တရုတ်နိုင်ငံသို့ တစ်ရက်လျှင် တန် ၂၀ ခန့် တင်ပို့နေ

ရန်ကုန် စက်တင်ဘာ ၁

ပြည်တွင်း၌ မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်မှုဖြင့် ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပသို့ ရေထွက်ကုန်အချို့ တင်ပို့လျက်ရှိပြီး ငါးရှဉ့်နှင့် ကဏန်းအရှင်များကို တရုတ်နိုင်ငံမှ ဝယ်လိုအားရှိနေချိန်တွင် ရန်ကုန်၊ မန္တလေးနှင့် မူဆယ်တို့ရှိ အရည်အသွေးစစ်ဆေးသော ဓာတ်ခွဲခန်းနှင့် ရေလုပ်ငန်းတို့မှ ပို့ကုန်အရည်အသွေးကို စစ်ဆေး၍ တစ်ရက်လျှင် ငါးရှဉ့်/ကဏန်းအရှင် တန် ၂၀ ခန့် တင်ပို့လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ငါးရှဉ့်နှင့် ကဏန်းအရှင်တို့ကို မူဆယ်နယ်စပ်ကုန်သွယ်ရေးဂိတ်မှ တရုတ်ပြည်သို့ တင်ပို့လျက်ရှိပြီး ကနဦးတွင် ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်ရှိ ရေထွက်ကုန်အရည်အသွေးစစ်ဆေးသော ဓာတ်ခွဲခန်းနှင့် ရေလုပ်ငန်းတွင် စစ်ဆေးပြီးနောက် မန္တလေးမြို့ ငါးလုပ်ငန်းဦးစီးဌာနတ်ရေကန်စခန်း၌ ရေထွက်ကုန်အရည်အသွေးဓာတ်ခွဲစစ်ဆေးရေးစခန်းတွင် စစ်ဆေး၍ ပုဂ္ဂလိကရေလှယ်ရုံသုံးရုံတွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ကြေးမုံ

# အထူးသတိပြုရမည့် ကိုဗစ်-၁၉ ရောဂါ

ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါ သံသယရှိသူများ၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ အသွားအလာကန့်သတ်ထားသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းကို နေ့စဉ်ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၃၁ ရက်နေ့ ည ၈ နာရီ သတင်းထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦးတွေ့ရှိခဲ့ပြီး ထိုနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ၁ ဒသမ ၁၁ ရာခိုင်နှုန်းရှိကာ ရောဂါကူးစက်မှုတစ်ရာခိုင်နှုန်း ကျော်လွန်ခဲ့ပြီဖြစ်သည်။

ထိုနေ့က စိစစ်တွေ့ရှိခဲ့သော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၄ ဦးအနက် ပြည်ပမှပြန်လည်ဝင်ရောက်လာသူများမှ ရှစ်ဦး တွေ့ရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၇ ဒသမ ၇ ရာခိုင်နှုန်း ရှိသည်။ ကျန် ၉၆ ဦး၊ ၉၂ ဒသမ ၃ ရာခိုင်နှုန်းမှာ ပြည်တွင်း၌ ကူးစက်ဖြစ်ပွားခဲ့သူများဖြစ်နေသည်ကိုတွေ့ရသည်။ ယခုနှစ်အစောပိုင်းတွင် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုမှာ သိသာစွာလျော့ကျလာခဲ့ပြီး ရောဂါတွေ့ရှိမှု သုည ဒသမအောက်ဖြင့် ဆယ်ဂဏန်းမျှသာ တွေ့ရှိခဲ့ရသည်။ ထို့နောက် ယခုရက်ပိုင်းကာလများတွင် ကိုဗစ် -၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ တစ်နေ့ထက်တစ်နေ့ တိုးတက်လာခဲ့ပြီး ယခုကဲ့သို့ တစ်ရာခိုင်နှုန်းအထက် ရောက်ရှိလာပြီဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကို မပေ့ါဆဘဲ အထူးသတိပြုကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးတွင် ဆေးထိုးနှံမှုခံယူခြင်းကို အထူးဂရုပြု ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှာ ကမ္ဘာပေါ်တွင် လျော့ကျသွားခြင်းမရှိဘဲ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများတွင် ရောဂါကူးစက်ဖြစ်ပွားမှုများ မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။ ဥရောပ၊ အမေရိကတွင် ကိုဗစ်-၁၉ ရောဂါအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အထူးသတိပေးထားသည့် မျောက်ကျောက်ကူးစက်ရောဂါလည်း ပျံ့နှံ့ဖြစ်ပွားလျက်ရှိပြီး အာရှနိုင်ငံအချို့သို့ပါ ရောက်ရှိလာသည်ကို တွေ့ရသည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါသည် ဗီဇမျိုးကွဲအမျိုးမျိုးဖြင့် အသွင်ပြောင်း၍ ကူးစက်မှုမြန်စွာဖြစ်ပွားလျက်ရှိသဖြင့် ရောဂါကူးစက်မှုများ မြင့်တက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါမျိုးကွဲများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်း၌ ကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်း၌ အစုလိုက်ကူးစက်မှုများဖြစ်ပွားနေသည်ကို လေ့လာကြည့်ရှု သတိပြုကြရမည်ဖြစ်သည်။ ယခုဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါသည် ကူးစက်မှုမြန်ဆန်သော်လည်း ရောဂါကြောင့် သေဆုံးသူအလွန်နည်းပါးပြီး မိမိတို့ပတ်ဝန်းကျင်တွင် ရောဂါဖြစ်ပွားနေသူများ မတွေ့ရှိရ၍ ပေ့ါပေ့ါဆဆ နေထိုင်သွားလာနေ၍မဖြစ်ပေ။ မည်သည့်ရောဂါမဆို ရောဂါဖြစ်ပွားပါက အနည်းနှင့်အများ ရောဂါဝေဒနာများခံစားရပြီး အလုပ်ပျက်အကိုင်ပျက်နှင့် ငွေကုန်ကြေးကျ ဒုက္ခအခက်အခဲများ ရောက်ရှိနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု မြင့်မားလာမှုကြောင့် မိမိတို့အား မကူးစက်စေဘဲ ရောဂါလျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို တိကျစွာလိုက်နာကြရန် လိုအပ်သည့်အပြင် ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါဖြစ်ပွားမှု၊ ပြင်းထန်မှု၊ သေဆုံးမှုတို့ကိုလျှော့ချပေးနိုင်သဖြင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးကို ပြည်သူများအနေဖြင့် မပျက်မကွက်ထိုးနှံကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၆၁ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

### ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမျိုးမြင့်အောင်အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁- ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၅၀၀ | ၁၅၇ | ၁,၁၇၂,၇၀၀ |
| MTSH | ၂,၅၀၀ | ၂,၆၅၀ | ၂၁,၈၉၅ | ၅၅,၈၄၂,၇၅၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၁ | ၇,၁၀၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၈၁၀ | ၁၄,၉၈၅,၀၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၅၂၄ | ၁,၂၃၁,၄၀၀ |
| EFR | ၂,၄၀၀ | ၂,၄၅၀ | ၅၁၉ | ၁,၂၅၁,၅၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁,၉၄၆ | ၉,၅၃၅,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၀၅.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၄.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၇.၂၄၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၈.၆၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၄၀၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၃၄.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၀၁.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၉.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၅.၀၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား


နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ယင်းနောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်ချက် မှတ်တမ်းစာအုပ်၊ တပ်ပေါင်းစု နိုင်ငံရေးစာအုပ်၊ MRTV DTH Receiver၊ နှစ်ပေစလောင်းနှင့် လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# "ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်" ဆောင်ပုဒ်နှင့်အညီ ဌာနအကျိုး၊ နိုင်ငံအကျိုးအတွက် ကျရာတာဝန်ကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်

**နေပြည်တော် စက်တင်ဘာ ၁**

ဖြတ်သန်းခဲ့သည့် နှစ်ကာလများတွင် ကြုံတွေ့ရသည့် အားနည်းချက်များကို ပြုပြင်၍ အားသာချက်များကို သုံးသပ်ဆင်ခြင်ပြီး "ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်" ဆောင်ပုဒ်နှင့်အညီ ဌာနအကျိုး၊ နိုင်ငံအကျိုးအတွက် ကျရာတာဝန်ကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြောကြားခဲ့သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးဌာန၏ (၅၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂၉)၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**အဓိကလိုအပ်ချက်များဖြစ်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ခေတ်အဆက်ဆက် နိုင်ငံတစ်ဝန်းခရီးသည်နှင့် ကုန်စည်များကို သယ်ယူ ပို့ဆောင်ပေးခြင်းလုပ်ငန်းနှင့် စီမံကိန်းကြီးများအတွက်လို အပ်သော သယ်ယူပို့ဆောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ ကောင်းမွန်သည့် သယ်ယူပို့ဆောင်ရေးစနစ်တစ်ရပ်ဖြစ်လာစေရန် အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေး၊ စီးပွားရေး တွက်ခြေကိုက်မှုရှိရေး၊ ထိရောက်စွာ ကြီးကြပ်ရေး၊ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းရေးနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ရှိမှုတို့သည် အဓိကလိုအပ်ချက်များဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများအားလုံးကိုလည်း အသိအမှတ်ပြုမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုန်းလမ်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးက ဌာန၏သမိုင်းအစဉ်အလာနှင့် လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သင်တန်းများတွင် ပထမဆုရရှိသူ ထူးချွန်ဝန်ထမ်းငါးဦးနှင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ လေးဦးတို့ကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ဆုချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များ၊ ဌာနအကြီးအမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**







International Army Games–2022 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား အရာရှိစစ်သည်၊ မိသားစုများက နေပြည်တော် လေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ International Army Games–2022 ကို နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ရုရှားနိုင်ငံအပါအဝင် ၁၂ နိုင်ငံ၌ ပြိုင်ပွဲများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့် တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲ၊ ရိုးရာယှဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ၊ Emergency Area ပြိုင်ပွဲ၊ တတိယအကြိမ်မြောက် နိုင်ငံတကာဗိုလ်လောင်းများ အားကစားပြိုင်ပွဲ ( 3rd CISM World Cadet Games) များကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာ့တပ်မတော်မှ တင့်တပ်ဖွဲ့ဝင်များသည် တင့်ကားမောင်းနှင် ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division–2)၌ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းတွင် (အဆင့် ၁) နေရာ၌လည်းကောင်း၊ ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်းအနက် (အဆင့် ၄) နေရာ၌ လည်းကောင်း၊ လက်ဖြောင့်သေနတ်ပစ်ခတ်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းအနက် (အဆင့် ၄) နေရာ၌ လည်းကောင်း၊ ရိုးရာယှဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၇ သင်းအနက် (အဆင့် ၇) နေရာ၌ လည်းကောင်း၊ Emergency Area ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်နိုင်ငံ ခြောက်နိုင်ငံအနက် (အဆင့် ၄) နေရာ၌ လည်းကောင်း၊ တတိယအကြိမ်မြောက် နိုင်ငံတကာ ဗိုလ်လောင်းများအားကစားပြိုင်ပွဲ ( 3rd CISM World Cadet Games) တွင် ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၂၀ အနက် နိုင်ငံအလိုက် (အဆင့် ၈) နေရာ၌ လည်းကောင်း အသီးသီးရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

မြန်မာ့တပ်မတော် တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ International Army Games ပြိုင်ပွဲများတွင် နိုင်ငံတကာစစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်းနှင့် လာမည့်နှစ်များတွင်လည်း ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိမိတို့နိုင်ငံ၊ နိုင်ငံသားများအတွက် အသိပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်း၊ သတင်းပြန်ကြားခြင်းလုပ်ငန်းများကို အကောင်းဆုံးဝန်ဆောင်မှုပေး၍ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား United Info-Sec ကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်စွာမင်းနှင့်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး Mtube Video Sharing and Live Streaming Platform နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ရှင်းလင်းပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုးချဲ့ဆောင်ရွက်လျက်ရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ အသိပညာပေးရန်ဆိုသည့် တာဝန်(၃)ရပ်ကို ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအား Channel များ တိုးချဲ့ထုတ်လွှင့်နေသကဲ့သို့ အွန်လိုင်းအသုံးပြု၍လည်း မီဒီယာလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ မီဒီယာသည် ကဏ္ဍတိုင်းတွင် လွန်စွာအရေးကြီးသဖြင့် စနစ်တကျအသုံးပြုနိုင်ရန် လိုအပ်လျက်ရှိကြောင်း၊ မိမိတို့၏ သတင်းထုတ်ပြန်ရေးလုပ်ငန်းများအတွက် MRTV Application ကို ရေးဆွဲဆောင်ရွက်ခဲ့သော်လည်း နည်းမျိုးစုံဖြင့် ဖြုတ်ချခံခဲ့ရသည့်အတွက် ပြည်သူများ၏ သတင်းအချက်အလက်သိရှိပိုင်ခွင့်ကို ဖျက်ဆီးလျက်ရှိသည်ဟု ဆိုနိုင်ကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် မည်သို့ပင်အခက်အခဲရှိသည်ဖြစ်စေ သတင်းမှားများတိုက်ဖျက်ရေးနှင့် သတင်းမှန်များ ထုတ်ပြန်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အချိန်တွင် Social Media Platform များပေါ်တွင် မိမိတို့ထုတ်ပြန်သည့် သတင်းများကို ကန့်သတ်ခြင်း၊ ဖြုတ်ချခြင်းစသည်ဖြင့် နည်းပညာအားကိုးကာ အနိုင်ကျင့်ဆောင်ရွက်လျက်ရှိသည်ကို ကြုံတွေ့နေရသည့်အတွက် Youtube ကဲ့သို့ အသုံးပြုနိုင်သော Mtube Live Streaming Platform တစ်ခုကို ယခုကဲ့သို့ တီထွင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ပြည်ပမီဒီယာများ၊ ကျင့်ဝတ်သိက္ခာမဲ့သော မီဒီယာများက သတင်းမှားများထုတ်ပြန်၍ ပြည်သူများအား မှိုင်းတိုက်ဆောင်ရွက်နေသဖြင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် သတင်းမှားများအပေါ် နည်းမျိုးစုံဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သို့ပင် အခက်အခဲအတားအဆီးများ ကြုံတွေ့နေရသည်ဖြစ်စေ မိမိတို့နိုင်ငံ၊ မိမိတို့နိုင်ငံသားများအတွက် အသိပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်း၊ သတင်းပြန်ကြားခြင်းလုပ်ငန်းများကို အကောင်းဆုံးဝန်ဆောင်မှုပေး၍ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်း ဆွေးနွေးသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် United Info-Sec ကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်စွာမင်းက Mtube Video Sharing and Live Streaming Platform နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ United Info-Sec ကုမ္ပဏီမှ ဒါရိုက်တာနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။ **သတင်းစဉ်**

# ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းဖြင့် ကာယကံရှင်အတွက်သာမက လုပ်ငန်းရှင်နှင့် နိုင်ငံတော်အတွက်ပါ များစွာအကျိုးသက်ရောက်မှုရှိ



**ရန်ကုန် စက်တင်ဘာ ၁**

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန်(၅)ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန အသိအမှတ်ပြုထက်ဦးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုစဉ် ဒုတိယဝန်ကြီးက ထက်ဦးသင်တန်းကျောင်းများအနေဖြင့် အရည်အသွေးပြည့်မီသည့် သင်ထောက်ကူပစ္စည်းများအသုံးပြုရန်၊ လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသည့် သင်ရိုးညွှန်းတမ်းများကို စာတွေ့/လက်တွေ့ ကျွမ်းကျင်ပိုင်နိုင်ပြီး အရည်အသွေးပြည့်ဝသည့် နည်းပြဆရာများနှင့် သင်ကြားပို့ချခြင်းဖြင့် သင်တန်းဆင်းများလုပ်ငန်းခွင်သို့ ဝင်ရောက်ချိန်တွင် များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထက်ဦးသင်တန်းကျောင်းမှ အမျိုးသားအဆင့် အသိအမှတ်ပြုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး NSSA အသိအမှတ်ပြု သင်တန်းကျောင်းအဖြစ် ဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ် (၆) ရပ်ကွက် ကျန်စစ်သားလမ်းရှိ NSSA အသိအမှတ်ပြု သုခစုစံ သင်တန်းကျောင်း Assessment Center သို့ရောက်ရှိပြီး ဂဟေဆက်လုပ်သားကျွမ်းကျင်မှု အဆင့်(၁)အလုပ်အကိုင်အတွက် ဖြေဆိုသူ ၁၅ ဦးကို ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရာတွင် ပစ္စည်းကိရိယာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရေး Familiarization ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး၍ သင်တန်းတာဝန်ခံများကို ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်းသည် ကာယကံရှင်အတွက်သာမက လုပ်ငန်းရှင်နှင့် နိုင်ငံတော်အတွက်ပါ များစွာအကျိုးသက်ရောက်မှုရှိကြောင်း၊ စစ်ဆေးအကဲဖြတ်သူများအနေဖြင့်လည်း စစ်ဆေးရေးမှူးကောင်းများ ဖြစ်လာစေရန် Assessor တစ်ဦး၏ တာဝန်ဝတ္တရားများ၊ လိုက်နာရမည့် ကျင့်ဝတ်များ၊ စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ လိုက်နာဆောင်ရွက်ရမည့် အချက်များကို အလေးထားဆောင်ရွက်ရန် လိုကြောင်း မှာကြားသည်။

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)အနေဖြင့် ၂၀၁၄ ခုနှစ်မှ ယနေ့အထိ အလုပ်အကိုင် ၃၁ မျိုးအတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၁၉၉ ခုကို တည်ထောင်နိုင်ခဲ့ပြီး အရည်အသွေးပြည့်မီသူ ကျွမ်းကျင်လုပ်သား ၁၈၀၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**










# မြန်မာ-ရုရှား နှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ် (၂၀၀ ကျပ်တန်) အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုး ရောင်းချမည်

**နေပြည်တော် စက်တင်ဘာ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်၌ ရုရှားနိုင်ငံတွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကျားကောင်ရေတည်တံ့ရေး ဖိုရမ်အတွက် မြန်မာ-ရုရှား နှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ် (၂၀၀ ကျပ်တန်)အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုးအား **၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှ စတင်၍** နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၂ ခုနှစ် စက်တင်ဘာ ၅ ရက်တွင်** ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ"ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၁**

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"လှပသာယာ ပြည်မြန်မာ"** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှု၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာ အမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၂ ရက်နေ့ ညနေ ၄ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ် ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဝင်းနိုင်ဦး | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) ဦးရဲညွှန့် | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

## ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်နိုင်စေရန် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဘောဂဗေဒဘာသာရပ်သင်တန်း ဖွင့်လှစ်



**နေပြည်တော် စက်တင်ဘာ ၁**

အင်ဂျင်နီယာများသည် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ဘောဂဗေဒဘာသာရပ်ကို မဖြစ်မနေ သိရှိနားလည်ပြီး လက်တွေ့ကျင့်သုံးဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဘောဂဗေဒဘာသာရပ်ကို သင်တန်းပို့ချနိုင်ရေးစီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောကြားသည်။

နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဘောဂဗေဒဘာသာရပ် သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**အကျိုးရှိထိရောက်စွာ အသုံးချနိုင်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ချက်များ၊ Guideline များကို သိရှိနားလည်ပြီး လက်တွေ့ကျင့်သုံးနိုင်မည့် ISO 9004:2018 Quality Management System ဆိုင်ရာ သင်တန်းနှစ်ကြိမ်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖွင့်လှစ်ခဲ့ကြောင်း၊ အင်ဂျင်နီယာပညာရှင်များအနေဖြင့် သင်တန်းမှပို့ချသည့် သင်ခန်းစာများကို စနစ်တကျ လေ့လာမှတ်သားပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိ ထိရောက်စွာ အသုံးချနိုင်ရေး ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းတို့က အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဘောဂဗေဒဘာသာရပ်ကိုသင်ကြားပေးရန် သင်တန်းဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့မှု၊ ဝန်ကြီးဌာနများအတွက် လိုအပ်သော သင်တန်းများ ဖွင့်လှစ်ပေးရန် ပြင်ဆင်ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ဖွင့်လှစ်သည့်သင်တန်းတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်နိုင်စေရန် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဘောဂဗေဒဘာသာရပ်ကို တစ်ပတ်လျှင် သင်ကြားချိန် ၄ နာရီဖြင့် ၁၀ ပတ်ကြာ Online မှ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စက်ရုံမှူးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနများမှ တာဝန်ရှိသူများက virtual စနစ်ဖြင့် တက်ရောက်ကြသည်။ **သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ် ဘာလားချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ သဘာဝမြစ်ချောင်းများအတွင်း ငါးသယံဇာတများရေရှည်တည်တံ့စေရန်နှင့် ငါးရိက္ခာဖူလုံစေရန်တို့အတွက် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် ရွှာမရပ်ကွက် ဘာလားချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်က လှော်ကားငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ငါးသိန်းနှင့် လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ငါးသိန်း စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၀ သိန်းအား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရာသီသီးနှံများ စဉ်ဆက်မပြတ် စိုက်ပျိုးသွားရေး၊ ဆောင်းရာသီ ပဲတီစိမ်း၊ နေကြာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဒေသခံတောင်သူများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁**

ဆောင်းသီးနှံ ပဲတီစိမ်း စိုက်ပျိုးပြီးပါကလည်း လယ်ယာမြေများကို အလွတ်မထားဘဲ ရာသီသီးနှံများ စဉ်ဆက်မပြတ် စိုက်ပျိုးသွားရေးနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန္နဲကျေးရွာ၌ ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံစဉ် ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့ပြင် ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားမြင့်တင်ရေးအတွက် နိုင်ငံတော်အစိုးရက ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းများသို့ ရန်ပုံငွေ ထုတ်ပေးမှုအခြေအနေ၊ ပဲတီစိမ်း စိုက်ပျိုးရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ မျိုးစေ့၊ မြေသြဇာနှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်းရှင်များအသင်း၊ ကန်ထရိုက်/ ကုမ္ပဏီများ၊ စိုက်ပျိုးရေး သမဝါယမအသင်း ဖွဲ့စည်းစိုက်ပျိုးကြမည့်တောင်သူလယ်သမားများ ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ တောင်သူလယ်သမားများ လက်ဝယ်သို့ မျိုး၊ သွင်းအားစုမြေသြဇာနှင့် ပိုးသတ်ဆေးများ အချိန်မီ ရောက်ရှိရေး၊ စိုက်ဧကများ မှန်ကန်စွာရရှိရေး၊ တစ်ချိန်တည်း တစ်ပြိုင်တည်း စိုက်ပျိုးကြမည့် နေကြာသီးနှံများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ပဲခူးတိုင်းဒေသကြီးအတွင်း သမဝါယမ ကန်ထရိုက် လယ်ယာစနစ်ဖြင့် ပဲတီစိမ်းစိုက်ပျိုးမည့် စီမံကိန်းအောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မင်းက ပဲတီစိမ်းစိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ဒေသခံတောင်သူများ၏ ပဲတီစိမ်းစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကံမြင့်ကျေးရွာသို့ သွားရောက်၍ ပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများနှင့် တွေ့ဆုံကာ ဆောင်းရာသီ ပဲတီစိမ်းစိုက်ပျိုးရေးလုပ်ငန်း၊ နေကြာစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ညှိနှိုင်းဆွေးနွေးသည်။ ယင်းနောက် ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ သန်လျင်၊ ထန်းတပင်နှင့် ကော့မှူးမြို့နယ်တို့အတွင်း ဆောင်းရာသီ ပဲတီစိမ်းစိုက်ဧက ၄၅၁၀၉ ဧကရှိပြီး သုံးခွမြို့နယ်သည် စိုက်ဧက ၂၉၇၄၁ ဧကဖြင့် အများဆုံး စိုက်ပျိုးသော ဒေသဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အသိနဲ့အကျင့်

**မောင်မိုးတိမ်**

**"မည်သူမဆို မိမိ၏ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ကောင်းသည်ထက် ကောင်းအောင် အစဉ်ပြုပြင်နေသင့်သည်။ သေသည်အထိ အမြဲပြုပြင်နေရမည်။"**

အရှင်ဇနကာဘိဝံသ(၁၉၀၀-၁၉၇၇)
အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်

သက်တော် ၅၀၊ ဝါတော် ၃၀၊ ခရစ်နှစ် ၁၉၅၀ ပြည့်နှစ်တွင် ဆရာတော်သည် နိုင်ငံတော်အစိုးရက "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းမှုအား ခံယူတော်မူပါသည်။ မဟာဂန္ဓာရုံကျောင်းတိုက်ကို စတင်တည်ထောင်တော်မူခဲ့ပြီး ယနေ့ထက်တိုင် သံဃာတော်စာသင်သား ထောင်ပေါင်းများစွာ စာပေသင်ကြားပျိုးထောင်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ပါသည်။ နိုင်ငံတကာပညာရှင်များ၊ လေ့လာသူပုဂ္ဂိုလ်များနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နေ့စဉ်လိုလို ဥဒဟိုလာရောက်လေ့လာကြကာ အံ့သြဝမ်းသာ ချီးကျူးအားကျနေကြသော စာသင်တိုက်ကြီးဖြစ်ပေသည်။

ဆရာတော်က ပြောသလိုလုပ်၍ လုပ်သလိုပြောသည်။ သဒ္ဒါ၊ ဝိနည်း၊ အဘိဓမ္မာ၊ သုတ္တန်ကျမ်းများကို သာသနာ့တာဝန်၊ တိုင်းပြည်တာဝန် ထမ်းဆောင်ကြမည့် ပုဂ္ဂိုလ်များအတွက် မပင်မပန်းချမ်းသာလွယ်ကူစွာ ပေါက်မြောက်ကျွမ်းကျင်ကြစေရန် သင်ရိုးကုန်အောင် ပြုစုတော်မူခဲ့ပါ၏။ တိုင်းပြည်နှင့် သာသနာကို စည်ပင်ပြန့်ပွားအောင် ထမ်းဆောင်နိုင်ကြစေရန် ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာ၊ ဗုဒ္ဓဘာသာသင်ခန်းစာအတွဲများ စသည်ဖြင့် ဘာသာဋီကာ အမျိုးမျိုးသော ကျမ်းကြီး၊ ကျမ်းငယ် အသွယ်သွယ်ကို မပြတ်မလပ် ပြုစုတော်မူခဲ့သည်။

**ကျောင်းတိုက်စာသင်သားဝင်ခွင့် စိစစ်ရွေးချယ်**

ဆရာတော်ကြီး၏ ကျောင်းတိုက်စာသင်သားဝင်ခွင့် စိစစ်ရွေးချယ်သောအခါ စဉ်းစားဆုံးဖြတ်ရမည့် မူဝါဒ ၁၀ ချက်ဖြင့် နှုတ်မေးစစ်ဆေးကာ ရွေးချယ်လေ့ရှိသည်။ ပထမဦးစားပေးအချက်မှာ "စိတ်ကောင်းရှိဖို့က ပထမ" ဟူ၍ သတ်မှတ်ပါသည်။ "စာတတ်ဖို့က ဒသမ"ဟု မူချခဲ့သည်။

"မိမိတို့အတွင်းစိတ်က အမြဲကောင်းမွန်နေပါမူ နောက်နောင်ဘဝ၌ ဖြစ်သမျှ ရုပ်နာမ်တို့ အကောင်းအမွန်ချည်းသာ ဖြစ်ရပေမည်။ တစ်ဘဝပြောင်းသော်လည်း စိတ်ကောင်းရုပ်ကောင်းချည်း ဖြစ်ရမည်။ မိမိတို့အတွင်းစိတ်ကယုတ်မာဆိုးရွား နေပါမူ (ရှေးရှေးတုန်းက စိတ်ကောင်းအတွက် ယခုဘဝမှာ ကောင်းလျက်ရှိပါသော်လည်း) နောက်နောင်ဘဝတို့၌ စိတ်ဆိုးရုပ်ဆိုးချည်းသာဖြစ်ရမည်။ ယောနိသော မနသိကာရ၊ သင့်တင့်အောင် နှလုံးသွင်းမှုရှိလျှင် အကုသိုလ်စိတ်(မကောင်းစိတ်)မဖြစ်ဘဲ စိတ်ကောင်းချည်းဖြစ်သည်။ ယောနိသောမရှိလျှင် စိတ်ကောင်းဖြစ်လောက်သော အရာရာကိစ္စများ၌ပင် စိတ်မကောင်းဖြစ်နေတတ်၏။

ထို့ကြောင့် များစွာသော ရှင်လူအပေါင်းတို့ စိတ်ကောင်းရဖို့ရာ "ယောနိသော" သာလျှင် အရေးကြီးဆုံးဖြစ်ပေသည်။ ယောနိသောရှိခြင်း၊ မရှိခြင်းတို့၏ အကြောင်းများကား စာကောင်းပေကောင်းကြည့်ရှုခြင်း၊ မကြည့်ရှုခြင်း၊ ပညာရှိထံ နည်းခံခြင်း၊ နည်းမခံခြင်းများတည်း။" ကိုယ်ကျင့်အဘိဓမ္မာစာအုပ်တွင် အချီးနိဒါန်း ဤသို့ရေးတော်မူခဲ့ပေသည်။

ဆရာတော်ဘုရား သက်တော် (၇၇) နှစ်အရွယ် နောက်ဆုံးရေးသားပြုစုတော်မူသော "တစ်ဘဝသံသရာ"စာအုပ်၌ "နေ့ပိုင်းမှာ စာသင်စာချတဲ့ ဂန္ထဓုရ တာဝန်ကို ဆောင်ရဖို့နဲ့၊ ညဉ့်ဘုရားဝတ်တက်ပြီးချိန်မှစ၍ အိပ်ဖို့တုံးခေါက်ချိန်အထိ ဝိပဿနာဓုရတာဝန်ကို ဆောင်ကြဖို့ရန် စီစဉ်ရပါတယ်။"

**ဓုရနှစ်ပါး**

"စာချဘုန်းကြီးများက ခေါင်းဆောင်ပြီး ဝိပဿနာဘာဝနာအလုပ်ကို အများအားထုတ်အောင် ကြိုးစားကြပါ။"ဟူ၍ အလေးအနက်မှာကြားရေးသားတော်မူခဲ့ကြောင်း ဖတ်ရှုရပါသည်။ ရဟန်းသံဃာသည် ပိဋကတ်သုံးပုံကို သင်ယူခြင်း၊ ဆောင်ခြင်း၊ အံခြင်း၊ ပို့ချခြင်းတို့ဖြင့် တာဝန်ပြီးသည်ဟု မိမိထင်နေခဲ့သည်။ ဓမ္မပဒကျမ်းမှာ "ချစ်သားရဟန်း၊ ဂန္ထဓုရလည်းကောင်း၊ ဝိပဿနာဓုရလည်းကောင်း ဤသို့အားဖြင့် ဓုရနှစ်ပါးတို့သာရှိ၏ဟု မိန့်တော်မူသည်။ ထိုပိဋကတ်သုံးပုံကို ဆောင်ခြင်း၊ အံခြင်း၊

" သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ
အက္ခရာစွဲသုံး၊ ဤ ရှစ်လုံးကို
သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လေ့၊
စာသင်ပျိုနု၊ အခြေပြုတို့"

သု= သုဏေယျ- ကြားနာဖတ်ရှုလေ့လာ ဆည်းပူးမှုပြုခြင်း
စိ= စိန္တေယျ- ကြံစည်ဆင်ခြင်မြော်မြင်သုံးသပ်တွေးတောခြင်း

အစရှိသဖြင့် အတိုကောက်ထိပ်စည်းပါဋ္ဌ ဝေါဟာရတို့၏ အနှစ်ချုပ် လုပ်ငန်းတာဝန် ရှစ်မျိုးတို့ကား မြန်မာလို "ကြား၊ ကြံ၊ မေး၊ ဆွေး၊ စူး၊ ရေး၊ လေ့၊ ကျက်" ဟူသော အချက်တို့ပင် မဟုတ်ပေလား။

လေ့လာဖတ်ရှုကြားနာမှုက စတင်ရသည်။ ကြံစည်မေးမြန်း၊ ဆွေးနွေး၊ စူးစမ်း၊ ရေးသားခြင်းသာမက လေ့ကျင့်ခြင်း (အထပ်ထပ်အခါခါ ကျွမ်းကျင်တတ်မြောက်သည်အထိ ကိုယ်တိုင်လေ့ကျင့်လုပ်ဆောင်ရခြင်း) သဘော၊ ကျက်မှတ်ခြင်း သဘောတို့လည်းပါပေ၏။ ဝိပဿနာဓုရ

> **"ယောနိသောမနသိကာရ၊ သင့်တင့်အောင် နှလုံးသွင်းမှု ရှိလျှင် အကုသိုလ်စိတ် (မကောင်းစိတ်) မဖြစ်ဘဲ စိတ်ကောင်းချည်းဖြစ်သည်။ ယောနိသောမရှိလျှင် စိတ်ကောင်းဖြစ်လောက်သော အရာရာကိစ္စများ၌ပင် စိတ်မကောင်းဖြစ်နေတတ်၏။ ထို့ကြောင့် များစွာသော ရှင်လူအပေါင်းတို့ စိတ်ကောင်းရဖို့ရာ "ယောနိသော" သာလျှင် အရေးကြီးဆုံးဖြစ်ပေသည်။ ယောနိသောရှိခြင်း၊ မရှိခြင်းတို့၏ အကြောင်းများကား စာကောင်းပေကောင်း ကြည့်ရှုခြင်း၊ မကြည့်ရှုခြင်း၊ ပညာရှိထံ နည်းခံခြင်း၊ နည်းမခံခြင်း များတည်း"**

ပို့ချခြင်းသည် ဂန္ထဓုရမည်၏"ဟု ဖတ်မိဖူးသည်။ ဝိပဿနာဓုရသာသနာ့တာဝန်ကို မထမ်းဆောင်သော ရဟန်းများလည်း တွေ့ဖူးခဲ့သည်။ မဟာဂန္ဓာရုံဆရာတော်ကြီးက အလေးထားရေးသားပါမှ မြတ်စွာဘုရားသခင် လမ်းညွှန်မှုချ အဓိကကျသော ရဟန်းတာဝန်တစ်ရပ်ပါတကားဟု နားလည်သိမြင်ရပေသည်။

ရဟန်းသံဃာမှန်လျှင် အဓိကတာဝန် (၂) ရပ်ကို ထမ်းဆောင်ရသည်-

၁။ ဂန္ထဓုရ။ ပိဋကတ်ကျမ်းစာသင်ယူခြင်း၊ အံခြင်း၊ ပို့ချခြင်းတာဝန်၊
၂။ ဝိပဿနာဓုရ။ ရဟန်းတို့၏ သာသနာထမ်းဆောင်မှုတာဝန် နှစ်ခုအနက် ဒုတိယတာဝန်။

အင်းဝခေတ် စာဆိုအကျော် ဆရာတော် အရှင်မဟာရဋ္ဌသာရ (အေဒီ ၁၄၆၈-၁၅၃၁)က တပည့်စာသင်သားတို့အား ဆုံးမလမ်းညွှန်ထားသော ကဗျာလေးတွင် စာဖတ်သူလည်း သိပြီးသားပင် ဤသို့ တွေ့ကြရသည်-

ကိုယ်တိုင်လေ့ကျင့်ခြင်း မရှိသေးမီ ကြားခြင်း၊ ကြံခြင်း၊ မေးခြင်း၊ ဆွေးနွေးခြင်းသဘောများဖြစ်သော ဂန္ထဓုရက ရှေ့မှ ဦးစွာလာရပါတကား။ သဘောပေါက်လာသည်။

**သာသနာသုံးရပ်၏**
**အဆင့်ဆင့်အပိုင်းလိုက်ရှိပုံ**

ဤသဘောကို ဆက်၍ဆက်၍ စဉ်းစားဆင်ခြင်ကြည့်လိုက်ရာ သာသနာသုံးရပ်၏ ရှေ့နောက်အစီအစဉ် အဆင့်ဆင့်အပိုင်းလိုက်ရှိပုံကိုလည်း သိမြင်ရသည်။

၁။ ပရိယတ္တိသာသနာ။ မူလပထမအရင်း အမြစ်ကန်ပေါင်(ဘောင်) ပမာလေ့ကျက်သင်ယူမှတ်သား ဆွေးနွေးပို့ချခြင်း၊
၂။ ပဋိပတ္တိသာသနာ။ ကန်မှာတည်နေသော ကန်ရေပမာ ဝိပဿနာ သမာဓိတရား အလေ့အကျင့်ပွားများခြင်း၊
၃။ ပဋိဝေဓသာသနာ။ ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို အမှန်အတိုင်း တိကျစွာ ထွင်းဖောက်သိမြင် ကျင့်သုံးနိုင်ခြင်း (သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး ပြည့်စုံခြင်း)

ဥပမာ- ကြာပန်းလန်းစွင့်ပွင့်နေခြင်း၊

၁။ လမ်းကိုလည်း သိမည်၊ သွားပုံလည်း မှန်မည်ဆိုလျှင် ပန်းတိုင်သို့ မည်သူမဆို ဆိုက်ရောက်မည့်သဘော၊
၂။ အပြောနှင့်အလုပ်နှင့်ရှေ့နောက်ညီညွတ်ခြင်းရှိသူသည် စွမ်းဆောင်ပြီးမြောက်မည့်သဘော၊
၃။ အသိနှင့် အကျင့်သည် မှန်ကန်စွာ ဟန်ချက်ညီမည်ဆိုလျှင် လိုအင်ဆန္ဒပြည့်ဝခြင်းသဘော၊ (အသိအားနည်း၊ အကျင့်မကောင်းလျှင်ကား အချည်းနှီးသာ၊ အချိန်ကုန်ရှုံးနိမ့်မှာ)
၄။ လေ့လာမှုနှင့် လေ့ကျင့်ခန်း၊ သဟဇာတဖြစ်ခြင်း၊
၅။ ပို့ချမှုကို ကောင်းစွာနာယူမှတ်သားခြင်းနှင့် ကိုယ်တိုင်လေ့လာ လိုက်နာလေ့ကျင့်သောအခါ တတ်မြောက်ကျွမ်းကျင်ခြင်း ဖြစ်ပေါ်လာပုံ၊
၆။ အတွေးအမြင်ကျယ်ပြန့်ခြင်းနှင့် အတွေ့အကြုံပြည့်စုံခြင်းတို့ ပူးပေါင်းပြည့်စုံပါမှ ခေါင်းဆောင်မှုလည်း အောင်မြင်နိုင်ကြပုံ၊
၇။ ဘဝတက်လမ်းနှင့် သင်တန်းအမျိုးမျိုးတွင် ပြောဆိုလေ့ရှိကြသော Theory (သီအိုရီ) နှင့် Practice (လက်တွေ့လုပ်ဆောင်မှု)ကို ပေါင်းစပ် အကောင်အထည်ဖော်တတ်ရမည့်သဘော၊
၈။ သုတ အကြားအမြင်များရုံသာမက မုတဟူသော ကိုယ်တိုင်ထိတွေ့ နားလည်ပြီး ဖန်တီးနိုင်ခြင်းသဘော၊
၉။ တက္က (Technique) နည်းနာဗေဒနှင့် သီလ(သီလာ)Precepts ကောင်းသော အကျင့်လေ့ကျင့်လိုက်နာကျင့်သုံးခြင်း (ထို့ကြောင့် ယူနီဗာစီတီကို ဆရာကြီး ဦးဖေမောင်တင်က တက္ကသိုလ်ဟု ခေါ်ဝေါ်သတ်မှတ်ဘာသာပြန်ယူခဲ့သည်။)
၁၀။ သဘောတရားသည် ဘဝရှေ့ဆောင်မီးရှူးရောင်ဖြစ်၍ လက်တွေ့ဘဝတွင် သဘောတရားအမြင်၏ သင့်လျော်မှန်ကန် အကျိုးရှိခြင်းကို သိမြင်နိုင်သော မှတ်ကျောက်ပင်ဖြစ်ခြင်းသဘော၊ ဖန်တီးဆန်းသစ်ရခြင်းဖြင့် အောင်မြင်တိုးတက်သော သမိုင်းစာမျက်နှာသစ်များကို နေ့စဉ်မပျက် ဆက်လက်ရေးသားနေကြရခြင်းတာဝန်ကို နိုင်ငံသားအားလုံးက ပါဝင်အကောင်အထည်ဖော်နေကြခြင်း ဖြစ်ကြောင်း။

အကျယ်ဖွင့်ဆိုလျှင် စာတစ်အုပ်စာမက ကျယ်ဝန်းလှမည်ဖြစ်သော်လည်း ပညာပြည့်ဝနှလုံးလှသည့် စာဖတ်သူတို့အတွက် အရိပ်ပြလျှင် အကောင်ထင်ကြပါပြီ။ တစ်ထွာပြလျှင် တစ်လံမြင်နိုင်ကြလေပြီ။ အသိလည်းမှန်ကန်ကြလျက် အကျင့်လည်းကောင်းမွန်ကြသော မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ အနာဂတ်သည် မည်သို့သော အကျပ်အတည်း အခက်အခဲနှင့် ဘေးရန်တို့ကို ရင်ဆိုင်ရစေကာမူ အောင်ပွဲခံယူနိုင်ကြမည်ဟု စာရေးသူက အပြည့်အဝ ယုံကြည်ပါသည်။ အသိမြင့်မား အကျင့်ကောင်း တရားတို့ ပြည့်စုံကြပါစေသော်။ ။

# တောင်ကြီး-ဆိုက်ခေါင်လမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ်ခရီးစဉ် အမှတ် (၁၅၃) အဆန်၊ အမှတ် (၁၅၄) အစုန်ရထား ပြန်လည်ပြေးဆွဲ




**တောင်ကြီး စက်တင်ဘာ ၁**

တောင်ကြီး-ဆိုက်ခေါင်လမ်းပိုင်းရှိ တောင်ကြီး-ဘန်းယဉ်ခရီးစဉ် အမှတ် (၁၅၃) အဆန်၊ အမှတ် (၁၅၄) အစုန်ရထား ပြန်လည်ပြေးဆွဲခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ က တောင်ကြီး ဘူတာစကြံ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားပြီး မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးက တောင်ကြီး-ဘန်းယဉ်ရထား ပြန်လည်ပြေးဆွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က တောင်ကြီး-ဘန်းယဉ်ရထားလမ်းပိုင်းတွင်ပြေးဆွဲမည့်ရထားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြေးဆွဲမည့်ရထားစက်ခေါင်းအား အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရထားပေါ်တွင် စီးနင်းလိုက်ပါကြသည့် ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းပိုင်းရှိ တောင်ကြီးဘူတာမှ ဘန်းယဉ်ဘူတာအထိ ၃၃ ဒသမ ၇၁ မိုင်ရှိ ရထားလမ်းပိုင်းတွင် ရထားပြန်လည်ပြေးဆွဲခြင်းဖြစ်ရာ တောင်ကြီး - ဆိုက်ခေါင်ရထားလမ်းပိုင်း၌ ရထားပြေးဆွဲခြင်းကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်ခန့် ကိုဗစ်-၁၉ ကာလတွင် ယာယီရပ်နားခဲ့ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ တောင်းဆိုချက်အရ ယခုအခါ မြန်မာ့မီးရထားက ရထားလမ်းပိုင်း ကြံ့ခိုင်တောင့်တင်းမှုရှိစေရေး ပြုပြင်ဆောင်ရွက်ပေးခဲ့ပြီး ရထားစီး ခရီးသွားတိုင်းရင်းသားပြည်သူများ စိတ်ချမ်းမြေ့လုံခြုံစွာ သွားလာအသုံးပြုနိုင်စေရန် ဆောင်ရွက်ထားကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်ပေါ်မူတည်၍ ခရီးဆုံးဘူတာဖြစ်သည့် ဆိုက်ခေါင်အထိ ပြေးဆွဲနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရထားပြေးဆွဲရာတွင် အမှတ်(၁၅၃) အဆန် လူစီးကုန်တင်ရထားသည် တောင်ကြီးဘူတာမှ မွန်းလွဲ ၂ နာရီခွဲတွင် ထွက်ခွာ၍ ဘန်းယဉ်ဘူတာသို့ ညနေ ၄နာရီ မိနစ်၅၀ တွင်လည်းကောင်း၊ အမှတ်(၁၅၄)အစုန် လူစီးကုန်တင်ရထားသည် ဘန်းယဉ်ဘူတာမှ နံနက် ၅ နာရီခွဲတွင်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ နံနက် ၈ နာရီတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်ရာ ဖာမွန်းဘူတာ၊ နောင်ကားဘူတာ၊ ဟမ်းဆီးဘူတာ၊ ကက္ကူဘူတာနှင့် ဘန်းယဉ်ဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ပြည်နယ် (ပြန်/ဆက်)



# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**မကွေး စက်တင်ဘာ ၁**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုများရရှိခဲ့သည့် ပြိုင်ပွဲဝင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဂုဏ်ပြုလက်မှတ်များကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ဆံရစ်ဝိုင်းသမီးပျိုလေးများက လှသောအညာမြေ တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြိုင်ပွဲဝင်များက ပြန်လည်သီဆိုကပြဖျော်ဖြေညှော်ခံခဲ့ကြောင်း သိရသည်။

ထို့နောက်မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

အဆိုပါ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို မိမိတို့ ရိုးရာယဉ်ကျေးမှုများ ဖော်ထုတ် ထိန်းသိမ်းနိုင်ပြီး မျိုးဆက်သစ်လူငယ်များကိုလည်း လက်ဆင့်ကမ်း နိုင်စေရန်နှင့် ဗဟိုအဆင့်ပြိုင်ပွဲတွင် အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်၍ အဆိုပါပြိုင်ပွဲကို ဩဂုတ် ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

# ရိုးမရိပ်သာ ကိုဗစ်-၁၉ ကုသရေးစင်တာ ပြန်လည်ပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့ မွန်းလွဲပိုင်းက ဒဂုံဆိပ်ကမ်းမြို့နယ် ရိုးမရိပ်သာ ကိုဗစ်-၁၉ ကုသရေးစင်တာသို့ သွားရောက်၍ ပြန်လည်ပြင်ဆင်ထားရှိနိုင်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရိုးမရိပ်သာ ကိုဗစ်-၁၉ ကုသရေးစင်တာသို့ ရောက်ရှိရာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမင်းနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု၊ ကွယ်ဆေးထိုးနှံပြီးစီးမှု၊ ဆက်လက်ထိုးနှံနေမှုများ၊ ပြည်ပနိုင်ငံများမှ Relief Filght နှင့် ပင်လယ်ရေကြောင်းများဖြင့် ဝင်ရောက်လာသူများကို စင်တာတွင် သတ်မှတ်ရက်အတိုင်း Quarantine ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ လက်ရှိရောဂါပိုးတွေ့ရှိမှု များပြားလာခြင်းကြောင့် လူနာများထားရှိမည့် အခန်းများတွင် အိပ်ရာ၊ ခြင်ထောင်၊ ခုတင်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများကို ပြန်လည်ပြင်ဆင်ထားရှိမှု၊ အောက်ဆီဂျင် Tank နှင့် ၄၀ လီတာ ဆလင်ဒါအိုးများ ထားရှိမှု၊ ဆေးစတိုးအပါအဝင် စင်တာအား ထိန်းသိမ်းထားရှိမှု အခြေအနေတို့ကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရိုးမရိပ်သာ ကိုဗစ်-၁၉ စင်တာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား လေးခရိုင် အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား လေးခရိုင် အသက် ၁၆ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ညနေပိုင်းက ပဲခူးမြို့ ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိများနှင့် ပဲခူးမြို့မှ ဘောလုံးဝါသနာရှင်များက လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

ဗိုလ်လုပွဲစဉ်တွင် ပဲခူးခရိုင်အသင်းနှင့် တောင်ငူခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ငူခရိုင်အသင်းက ပဲခူးခရိုင်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပထမတံခွန်စိုက်ဆုဖလားကို ဆွတ်ခူးရရှိသွားခဲ့သည်။

ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအနောက်တန်းအားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အလယ်တန်း အားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အရှေ့တန်း အားကစားသမားဆု၊ အကောင်းဆုံး ဘောလုံးသမားဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ဒုတိယဆုရရှိသည့် ပဲခူးခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်ခုနစ်သိန်းကို တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်ကလည်းကောင်း၊ ဒိုင်အဖွဲ့များအား ဂုဏ်ပြုဆုငွေကျပ် သုံးသိန်း၊ ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းနှင့် ပထမဆုရရှိသည့်တောင်ငူခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ကျပ် ၁၀ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ၁၃၈၄ ခုနှစ် တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့) အခမ်းအနား ကျင်းပမည်



**ရန်ကုန် စက်တင်ဘာ ၁**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၁၂ လရာသီပွဲတော်များအနက် ၁၃၈၄ ခုနှစ် (တော်သလင်းလပြည့်နေ့) စက်တင်ဘာ ၉ ရက် (သောကြာနေ့) တွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ ဂရုဓမ္မအခါတော်နေ့ အခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနေ့ထူးနေ့မြတ်၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ဝန်ထမ်းများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား နံနက်အရုဏ်တက်ချိန်တွင် ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ဂရုဓမ္မအခါတော်နေ့ဆိုင်ရာ အမေးအဖြေများပြုလုပ်ခြင်း၊ ဂရုဓမ္မငါးပါးသီလ အကျိုးအပြစ်လင်္ကာများရွတ်ဆိုပူဇော်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နံနက် ၉ နာရီခွဲတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီး ဘဒ္ဒန္တဇာဂရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မြသိန်းတန်ကျောင်းတိုက်ဆရာတော်ထံမှ သီလခံယူဆောက်တည်နိုင်ရန် သီလခံယူပွဲအခမ်းအနားကိုလည်း ကျင်းပသွားမည်ဖြစ်၍ ရဟန်းရှင်လူပြည်သူများ ပါဝင်ကုသိုလ်ပြုနိုင်ရန် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

**❖ မြန်မာ့ငါးရှဉ့်မှ**

ငါးရှဉ့်/ကဏန်းကို ရေလှယ်ပြုပြင်ကာ မူဆယ်သို့ဆက်လက်တင်ပို့လျက်ရှိသည်။

မန္တလေးမြို့ နတ်ရေကန်စခန်းတွင် အရည်အသွေးပြည့်မီသော ခတ်ခွဲခန်းကို ငါးလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်ထားရှိပြီး ရေလှယ်ရုံ အဟောင်းနေရာတွင် ရေလှယ်ရုံအသစ် ပြင်ဆင်တည်ဆောက်ခြင်း၊ ပုဂ္ဂလိကသို့ငှားရမ်းခြင်း၊ ဌာနနှင့်ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေထွက်ကုန်အရည်အသွေးကို ထိန်းချုပ်ခြင်းဖြင့် ပို့ကုန်များထိခိုက်ပျက်စီးမှုကို လျော့ကျမှုဖြင့် နိုင်ငံခြားဝင်ငွေ တိုးမြှင့်ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံက ငါးရှဉ့်နှင့်ကဏန်းကို တစ်ရက်လျှင်တန် ၂၀ ခန့် တရားဝင်နယ်စပ်ကုန်သွယ်ရေးဂိတ်မှ တင်ပို့လျက်ရှိပြီး ရန်ကုန်မှ ပိဿာ ၁၀၀ တင်ပို့ပါက မူဆယ်တွင် ပိဿာ ၉၀ ခန့် တင်ကျန်သောကြောင့် ရေလှယ်ရုံကဏ္ဍမှာ အရေးပါလျက်ရှိရာ ငါးရှဉ့်/ကဏန်း ကီလို ၄၀ တစ်ဖာလျှင် ရေလှယ်ခဝန်ဆောင်မှု သင့်တင့်သောဈေးနှုန်းဖြင့် ငါးရှဉ့်/ကဏန်းကုန်သည်များ အဆင်ပြေချောမွေ့စေရန်၊ အရည်အသွေးမြင့်သော ငါးရှဉ့်/ကဏန်း သန့်စင်သောရေလှယ်ရုံများထားရှိရန်၊ ငါးရှဉ့်/ကဏန်းပို့ကုန်စီးဆင်းရာ၌ စဉ်ဆက်မပြတ်တင်ပို့မှုတွင် အရည်အသွေး ထိန်းချုပ်မှုဖြင့် ပို့ကုန်တိုးမြှင့်နိုင်ရန်၊ ဝယ်လိုအားကောင်းသော ရေထွက်ကုန်အား နိုင်ငံတော်အခွန်ငွေရရှိစေမည့် တရားဝင်နည်းလမ်းများဖြင့် အရည်အသွေးအာမခံသောစနစ်ဖြင့် ခိုင်မာသောဈေးကွက်ကို ထိန်းချုပ်တည်ဆောက်နိုင်ရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံငါးရှဉ့်အသင်း၊ မြန်မာနိုင်ငံကဏန်းအသင်းနှင့် ရေလှယ်ရုံလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါလျက်ရှိသည်။

မြန်မာနိုင်ငံက တရုတ်နိုင်ငံသို့ ငါး၊ ပုစွန်နှင့် အေးခဲရေထွက်ကုန်များ ပို့ကုန်ကဏ္ဍ ယာယီရပ်နားထားပြီး ငါးရှဉ့်နှင့်ကဏန်းကို တင်ပို့လျက်ရှိရာ မန္တလေးမြို့ နတ်ရေကန်စခန်းတွင် ရေလှယ်ရုံအသစ် ဖွင့်လှစ်ပြီးပါက ယခုထက် ရေထွက်ကုန်တိုးမြှင့်တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ညီမ်းသူ-သတင်းစဉ်**



ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်နှင့် ဝန်ထမ်းများက စက်တင်ဘာ ၁ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ စန္ဒာလင်္ကာရကျောင်း ဆရာတော်ထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းစဉ်။ ငွေကြယ်



## မုံရွာပရိဘောဂဈေးကွက်တွင် အရောင်းအဝယ်ပါး၍ အသစ်ပြုလုပ်ရောင်းချသည့်ဆိုင် ရှားပါးလာ

**မုံရွာ စက်တင်ဘာ ၁**

မုံရွာမြို့ သာစည်လမ်းရှိပရိဘောဂဈေးကွက်တွင် ယခင်လုပ်ပြီး ပရိဘောဂထည်များကိုသာ ရောင်းချနေကြပြီး အသစ်လုပ်ရောင်းချသည့်ဆိုင် ရှားသွားပြီဖြစ်ကြောင်း ပရိဘောဂဆိုင်များမှ သိရသည်။

"သစ်ကမဝင်တာကြာပြီ။ ဖောင်တွေမဆင်းနိုင်ကြတော့လို့ပါ။ ဝယ်ရခက်တယ်။ ကျွန်တော်တို့က သစ်ခွဲလိုင်စင်မရှိဘူး။ အရောင်းလိုင်စင်နဲ့ လုပ်နေတာပါ။ ပရိဘောဂကတော့ ပစ္စည်းကောင်းရင်ကောင်းသလို ရောင်းရတာပါ။ ရှိတဲ့ပကာခြမ်းနဲ့ပဲလုပ်ပြီး ရောင်းနေရတယ်။ ပစ္စည်းအရည်အသွေးအနေနဲ့ ခိုလို့မရဘူး။ ခိုလိုက်တာနဲ့ ရောင်းအားကကျသွားတာပဲ။ ပရိဘောဂဆိုင်တွေကလည်း များလာတာဆိုတော့ တစ်ခုနဲ့တစ်ခု နှိုင်းယှဉ်ဝယ်ကြတယ်" ဟု မုံရွာမြို့ သာစည်လမ်း အောင်ရတနာပရိဘောဂဆိုင်မှ ကိုတင်အောင်မြင့်က ပြောသည်။

မုံရွာမြို့ သာစည်လမ်းတစ်လျှောက်တွင် ပရိဘောဂအရောင်းဆိုင် အကြမ်းထည်ဆိုင်ပေါင်း ၃၀ ကျော်ရှိရာ အလယ်အလတ်တန်းစားများသုံးသည့် ပရိဘောဂထည်များသာ အရောင်းရှိနေကြောင်း သိရသည်။

လက်ရှိ ပရိဘောဂပစ္စည်း အရောင်းအဝယ်တော်တော်ပါးနေပြီး ကိုဗစ်-၁၉ ရောဂါကာလနောက်ပိုင်းမှစတင်ပြီး ပါးသွားရာ ပွဲလမ်းသဘင်အားထားရောင်းရသည့်အတွက် အရောင်းအဝယ်ပိုပါးနေခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က ပွဲလမ်းသဘင်များတွင် ရောင်းရသည့်အတွက် အဆင်ပြေခဲ့သလို ဖောက်သည်လှိုင်လှိုင်ပေါ၍ နယ်အဝယ်ကားများလာသည့်အတွက် ရောင်းအားကောင်းခဲ့ကြောင်း၊ ယခုအခါ လမ်းပန်းဆက်သွယ်ရေးမကောင်းသည့်အတွက် နယ်ကားများ မလာကြတော့သလို ပုံမှန်အဝယ်တော်များလည်းမလာသည့်အတွက် အရောင်းအဝယ်ပါးကာ စားဝတ်နေရေးကျပ်တည်းမှုနှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။

**လူလေး**

## ထောပတ်သီးကို ပြည်ပနိုင်ငံများသို့ တွင်ကျယ်စွာ တင်ပို့ရောင်းချနိုင်ရေး ချိတ်ဆက်နေ

**ပြင်ဦးလွင် စက်တင်ဘာ ၁**

မြန်မာ့ထွက်ကုန် သီးနှံဖြစ်သော ထောပတ်သီးများကို ပြည်ပနိုင်ငံများသို့ လာမည့်ထောပတ်ရာသီတွင် တွင်ကျယ်စွာ တင်ပို့ရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ဒုဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောကြားသည်။

အဆိုပါ ထောပတ်သီးများကို ပြည်ပနိုင်ငံ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန် အသင်းရှိ တာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း၊ ယင်းထောပတ်သီးကို နိုဝင်ဘာနှင့် ဒီဇင်ဘာလတို့တွင် စတင်ခူးဆွတ်ပြီး ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချကြကြောင်း၊ လာမည့်ထောပတ်ရာသီတွင် ပြည်တွင်းဈေးကွက်များသာမက ပြည်ပနိုင်ငံဈေးကွက်များသို့ တွင်ကျယ်စွာရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။

"ဈေးကွက်ဝင်ဖြစ်တဲ့ထောပတ်သီးများကို ပြည်ပနိုင်ငံတွေကို လာမယ့် ထောပတ်ရာသီမှာ ရောင်းချနိုင်ဖို့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ အသီးမှည့်ချိန်လည်း မရောက်သေးပါဘူး။ လက်ရှိမှာ ရင်းနှီးမြှုပ်နှံတဲ့သူတော်တော်များများ ထောပတ်စိုက်ပျိုးရေးနယ်ပယ်ထဲကို ခြေချလာတာများပါတယ်။ အသစ်ဝင်ရောက်လာကြတာ များတယ်။ ဧကငယ်တွေ ရင်းနှီးမြှုပ်နှံတာများပါတယ်။ ထောပတ်သီးကို ပြည်ပဈေးကွက်တွေထဲမှာ တွင်တွင်ကျယ်ကျယ် တင်ပို့ရောင်းချနိုင်ဖို့ ဆောင်ရွက်မှုများ ပြုလုပ်နေပါတယ်။ အလားအလာကောင်းများ တွေ့ရှိလာမှာပါ။ ဈေးကွက်ဝင် ဟက်စ်အမျိုးအစားထောပတ်သီးများကိုလည်း တိုးချဲ့စိုက်ပျိုးနေတာတွေရှိပါတယ်" ဟု ၎င်းက ရှင်းပြသည်။



မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ထောပတ်သီးကို စိုက်ပျိုးကြပြီး ထောပတ်သီးအမျိုးအစားအနေဖြင့် ၂၃ မျိုးရှိကာ လက်ရှိ ထောပတ်သီးစိုက်ဧကများအနေဖြင့် ဧက ၂၀၀၀၀ ဝန်းကျင်ရှိကြောင်း၊ ထောပတ်စိုက်ပျိုးသည့် တောင်သူဦးရေမှာ ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်



နေပြည်တော် စက်တင်ဘာ ၁

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ် ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင် ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ်အပြည့် ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှုညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပန်းတနော်မြို့နယ်၌ ကွန်ကရစ်လမ်းခင်းနေမှု ကြည့်ရှုစစ်ဆေး

ပန်းတနော် စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းနေမှုအခြေအနေအား ယနေ့ နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက သွားရောက်ကြည့်ရှု ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၀၉၀၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော ပန်းတနော်မြို့နယ် အရှေ့ပိုင်းရပ်ကွက် ကျန်စစ်သားလမ်းအား လမ်းအရှည် ပေ ၁၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မဖြင့် ကွန်ကရစ်လမ်းခင်းနေမှုအခြေအနေအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာလမ်းလုပ်ငန်းတာဝန်ရှိသူများက လမ်းခင်းနေမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး လုပ်ကိုင်ဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။ **ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့ မြို့မဈေးကြီး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ



ညောင်လေးပင် စက်တင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေးကြီး ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါ မြို့မဈေးကြီး၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ ညောင်လေးပင်မြို့ မြို့မဈေးကြီး လျှပ်စစ်မီးလင်းရေးကော်မတီ နာယက ဦးစိုးဝင်းက ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး လျှပ်စစ်မီးလင်းရေးခလုတ်အား ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် လျှပ်စစ်မီးလင်းရေးကော်မတီ နာယက ဦးစိုးဝင်းတို့က ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဈေးကြီးအတွင်း ဈေးဆိုင်များတွင် လျှပ်စစ်မီးတပ်ဆင်သုံးစွဲနေမှုအား ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ် ကင်းဝေးရန်အတွက် စနစ်တကျသုံးစွဲရန် မှာကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်ခင်အေးဝင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းဇော်ဦးတို့က ဈေးကော်မတီဝင်များထံ လျှပ်စစ်မီးသုံးစွဲရေးနှင့် ပတ်သက်သော အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးသည်။

မြို့မဈေးကြီး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆိုင်ခန်းပေါင်း ၁၅၃ ခန်းအတွက် ငွေကျပ် ၄၅၉ သိန်း အကုန်အကျခံကာ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

■

# သာပေါင်းမြို့နယ်သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်

သာပေါင်း စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်သမဝါယမအသင်းစု၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တို့အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနားကို မြို့နယ်သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးယောရှုက အမှာစကားပြောကြားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အထိ ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာ၊ အသင်းသားစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းပြီး တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဆွေက ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အမှုဆောင်သစ်များကို ဆန္ဒမဲပေးရွေးချယ်ကာ တာဝန်ခွဲဝေပေးအပ်ပြီး အမှုဆောင်သစ်များက ကတိသစ္စာခံယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧက တင်း ၉၀ ကျော် ထွက်ရှိ

ကျောင်းကုန်း စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ရွှေဝါမိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီက ကျုံဖားရိုးအုပ်စု ဆိပ်ဖူးနီလေးကျေးရွာရှိ တောင်သူ ဦးချစ်စမ်းမောင်၏ လယ်မြေ ကွင်းအမှတ် (၄၂၂)၊ ဦးပိုင်အမှတ် (၄၈/၅) စိုက်ဧက ၇ ဒသမ ၇၅ တွင် ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဌေး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးမှူး ဦးကျော်နိုင်ဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်လွင်နှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး ပခန်းရွှေဝါမိုးစပါးတစ်ဧက ၉၀ ဒသမ ၈၇ တင်း ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာ ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# စက်တင်ဘာလ (ပထမ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင်(၅၆)ဒီဂရီဖာရင်ဟိုက်ခန့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၇ မီလီမီတာမှ ၂၇ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၂၈ မီလီမီတာမှ ၃၈ မီလီမီတာအတွင်း ရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေရှိနိုင်သည်။

မိုး/ဇလ

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ စားသုံးဆီများ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ရန်ကုန် စက်တင်ဘာ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၂၈) ရပ်ကွက် အမှတ်(၃)ဈေးတွင် ယနေ့နံနက်ပိုင်းက ပြည်သူများ လက်ဝယ်အရောက် စားသုံးဆီများဈေးနှုန်း သက်သာစွာဖြင့် လာရောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ကြီးကြပ်မှုဖြင့် Agri One Ttading Co., Ltd က ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေးအတွက် စားသုံးဆီ တစ်ပိဿာလျှင် ကျပ် ၅၁၀၀ ဖြင့် တစ်ဦးလျှင် တစ်ပိဿာနှုန်းဖြင့် ပိဿာ ၁၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ



## ရေချိုးတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၃၁၄ ဦး မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက် ဝင်ရောက်



မြဝတီ စက်တင်ဘာ ၁

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆို လက်ခံခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့တွင် ၃၁၄ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ ဆယ်မြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်နှင့် မဲကနယ်အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ၁၀ ရက်ကြာ အသွားအလာ ရက်ကန့်သတ်ထားရှိကာ ကိုဗစ်ရောဂါပိုးရှိမရှိ စစ်ဆေးပြီးမှ သက်ဆိုင်ရာ မြို့နယ်များသို့ ပို့ဆောင်ပေးခြင်း ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၁၈ ဦး၊ အမျိုးသမီး ၉၆ ဦး စုစုပေါင်း ၃၁၄ ဦးရှိကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)




## ၂၀၂၂ ခုနှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

ယခုဆိုလျှင် ပြည်သူတို့နှင့် ကာလတစ်ခုကြာ ကင်းကွာခဲ့သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို မကြာမီအချိန်အတွင်း ကျင်းပတော့မည်ဖြစ်ပေသည်။ တိုင်းရင်းသားပြည်သူအပေါင်းအတွက် အမျိုးသားရေး ကိုယ်ခံစွမ်းအားကြံ့ခိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည့်အတွက် အမျိုးသားရေး အားဆေးတိုက်ကျွေးသော ပွဲကြီးဟုပင် ဆိုနိုင်ပါသည်။

နွေကုံကော်(မြို့လှ)




မကြာမီကျင်းပတော့မည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဦးတည်ချက်များမှာ-

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့် စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး

ဟူသည့်အချက်(၄) ချက်ဖြင့် ချမှတ်ထားသည်ကို တွေ့ရှိရပါသည်။

**(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး**

ယဉ်ကျေးမှုသည် တိုင်းပြည်တစ်ခုတွင်ရှိသည့် တိုင်းရင်းသားလူမျိုးအပေါင်း၏ နှလုံးသားဟု တင်စားတတ်ကြသည်။ ထိုသို့တင်စားရန်အတွက်လည်း လုံလောက်သော သမိုင်းအထောက်အထားများက မှတ်တမ်းအဖြစ် သမိုင်းစာမျက်နှာအသီးသီးတွင် ကျန်ရစ်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်တို့ မှီတင်းနေထိုင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစွာ၊ ပိုင်ဆိုင်ခဲ့သည့် အထောက်အထားများစွာ ရှိနေပါသည်။ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်မှုကြောင့် လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးကဏ္ဍများ အနည်းငယ် ထွေးရောယှက်တင်ရှိခဲ့သည့်တိုင် မြန်မာ့ဟန် မြန်မာ့သဏ္ဌာန်ဖြင့်သာ ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်ကို တွေ့ရှိရပေသည်။ ဗိသုနိုး၊ သရေခေတ္တရာ၊ ဟန်လင်း စသော ပျူမြို့ပြနိုင်ငံများ၏ သမိုင်းအထောက်အထားအပြင် ရခိုင်ဝေသာလီနှင့် မွန်တို့၏ သုဝဏ္ဏဘူမိ မြို့ပြနိုင်ငံများကို လေ့လာကြည့်ရာတွင်လည်း ထိုခေတ်ထိုအခါက ယဉ်ကျေးမှုအဆင့်အတန်းများကို တွေ့ရှိခဲ့ရပါသည်။

ထိုဒေသများမှ တူးဖော်ရရှိသော အရာဝတ္ထုများကို သုတေသနပြုကြရာတွင် ပုတီးနားတောင်း၊ လက်စွပ် အဆင်တန်ဆာများမှတစ်ဆင့် ပျူတို့၏ လယ်ယာလုပ်ငန်းအကြောင်း၊ ပန်းပဲ၊ ရက်ကန်းနှင့် အိုးလုပ်ငန်းများအကြောင်းကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်းကန်များမှတစ်ဆင့် ခဲပြား၊ သံဖြူ၊ ကြေးပြားနှင့် ကြေးခတ်လုပ်ငန်းလည်းရှိခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့ကြပါသည်။ ရုပ်တုရုပ်ပွားများကြောင့် ကျောက်ဆစ်အတတ်ပညာ ထွန်းကားခဲ့သည်ဟု မှတ်သားနိုင်သည့်အပြင် ဗိသုကာအတတ်ပညာများကိုပါ ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ မြုပ်နှံထားသော ပျူငွေဒင်္ဂါးများ၊ ရေသွင်း ရေထုတ်တူးမြောင်းများ နံရံဆေးရေးပန်းချီအတတ်ပညာနှင့် အိုးခွက်ပေါ်မှ ဆေးရေးပညာရပ်များအပြင် အခြားသောတူရိယာ ဂီတ အဆို သုခုမပညာရပ်များ ၏ အဆင့်အတန်းမြင့်မားခဲ့ပုံများကို လေ့လာသိရှိခဲ့ရပါသည်။

ယဉ်ကျေးမှုဟုဆိုရာတွင် ခေတ်၏အခြေအနေ၊ လူသားတို့ ဝတ်စားဆင်ယင်မှု၊ ပန်းချီ၊ ပန်းပု လက်မှုအနုပညာလက်ရာများ၊ အဆို၊ အတီး၊ အက စသော သုခုမပညာရှင်များ၊ အရေးအသား အတွေးအခေါ် အမြော်အမြင်စသည့် စာပေရေးသားခြင်းဆိုင်ရာများနှင့် ရိုးရာဓလေ့ထုံးစံ ဘာသာအယူဝါဒ၊ ယုံကြည်မှုအပြင် လူနေမှုစနစ်များလည်း ပါဝင်လျက်ရှိနေပေသည်။ စာပေနှင့် ဆင်ယင်ထုံးဖွဲ့မှု၊ ပန်းချီ၊ ပန်းပု လက်မှုအတတ်ပညာများသည်လည်း အနုပညာဖြစ်၍ အဆို၊ အက၊ အရေး၊ အတီး ပညာမှာ သုခုမပညာရပ်ပင် ဖြစ်ပေသည်။ တစ်နည်းအားဖြင့် ထိုသုခုမပညာရပ်များသည် တိုင်းရင်းသားလူမျိုးများ၏ ဂုဏ်သိက္ခာအဆင့်အတန်းကို ဖော်ညွှန်းနေသော အရာများပင် ဖြစ်ချေသည်။ ကျွန်ုပ်တို့မှီတင်းနေထိုင်သော အမိနိုင်ငံတော်ကြီးတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်မှစ၍ ပိုင်ဆိုင်ထားပြီးဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးလက္ခဏာများကို ပျောက်ပျက်ဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းကာကွယ်သွားကြရမည် ဖြစ်ပေသည်။

**(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်ရေး**

တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးကျော် မှီတင်းနေထိုင်သည့် အမိနိုင်ငံတော်ကြီးတွင် လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြားရှိကြသည့် မတူညီသည့် ရိုးရာယဉ်ကျေးမှုများကလည်း စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလိုပင် သူ့အရပ် သူ့ဒေသအလိုက် အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များနှင့် အခြားသော ဆိုရိုးစကားများ၊ ရာသီပွဲသဘင်များလည်း ရှိကြပေသည်။ မြန်မာတို့သည် ရန်အပေါင်းအောင်မြင်ရန် အထိမ်းအမှတ်အဖြစ် သပြေပန်းကို ဆင်ယင်တတ်ကြသကဲ့သို့ ကချင်တွင် မနောတိုင်၊ ကယားတွင် ကိန္နရာ ကိန္နရီ၊ ကရင်တွင် ဖားစည်၊ ချင်းတို့က အောက်ချင်းငှက်နှင့် တောင်ဇလပ်၊ မွန်တွင် ဟင်္သာငှက်၊ ရခိုင်တို့သည် သီရိဝစ္ဆပန်းဒင်္ဂါး၊ ရှမ်းတို့က ကျားခေါင်းနှင့် အိုးစည် စသည်တို့သည် တိုင်းရင်းသားလူမျိုးအသီးသီး၏ ကိုယ်ပိုင်ပြယုဂ်များပင် ဖြစ်ပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း တို့၏ အထက်ပါ အမျိုးသားရေး အထိမ်းအမှတ်သင်္ကေတများတွင် သက်ဆိုင်ရာ ရာဇဝင်အသီးသီးရှိကြပေသည်။ ထိုရာဇဝင်များမှ တစ်ဆင့် တိုင်းရင်းသားအသီးသီးတို့၏ ရိုးရာယဉ်ကျေးမှုများကို စာရေးသူတို့ သိရှိခွင့်ရခဲ့ပါသည်။ မည်သည့်တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များပင်ဖြစ်စေ အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်သူများ ဖြစ်ကြသည့်အလျောက် We are Myanmar တည်းဟူသော ခံယူချက်ဖြင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မြှင့်တင်သွားကြဖို့ လိုအပ်ပေသည်။

**(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များကို လက်ဆင့်ကမ်းပေးနိုင်ရေး**

ရိုးရာယဉ်ကျေးမှုဟုဆိုရာတွင် ဝတ်စားဆင်ယင်မှု၊ စားသောက်နေထိုင်မှု၊ အနုပညာ စာပေဖန်တီးမှုလက်ရာ စသဖြင့် အလွှာစုံပါဝင်လျက်ရှိပါသည်။ ပြောင်းလဲလာသော ခေတ်ရေစီးကြောင်း အကွေ့အကောက်များနှင့်အတူ မိမိတို့၏ ပင်မရေသောက်မြစ် လူနေမှုစနစ်ကြီးတစ်ခုလုံး လိုက်ပါပြောင်းလဲသွားမည်ဆိုပါလျှင် ကမ္ဘာတွင် ကွယ်ပျောက်ခဲ့သည့်နိုင်ငံကြီးများကဲ့သို့ တစ်နေ့နေ့ ယဉ်ကျေးမှုလှိုင်း၏ ဝါးမျိုခြင်းကို ခံသွားကြရမည် ဖြစ်ပေသည်။ တိုင်းပြည်ရှေ့ရေးကို ရေရှည်မြော်တွေးသည့် နိုင်ငံ့အစိုးရတိုင်းသည် လူငယ်များ၏ စာရိတ္တမဏ္ဍိုင်ခိုင်ခံ့မှုရှိစေရေးအတွက် ရိုးရာယဉ်ကျေးမှု အစဉ်အလာများမှပေးသော နိုင်ငံ့စွမ်းအားများကို တစ်နည်းတစ်ဖုံဖြင့် ဖော်ထုတ်ပေးခဲ့ကြသည်ကို တွေ့ရှိရပါသည်။ အကျိုးဆက်အားဖြင့် အမျိုးဂုဏ် ဇာတိဂုဏ်ကို စောင့်ထိန်းလိုသော မျိုးဆက်သစ်များ တိုးပွားခဲ့ကြသည်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် စားသောက်နေထိုင်မှု၊ ဝတ်စားဆင်ယင်မှု၊ စာပေဂီတများကို တန်ဖိုးထားခြင်းအပေါ် ရှေးရိုးဆန်သည်ဟု မှတ်ယူ၍မရပေ။ ရိုးရာအပေါ် ခေတ်သစ်နှင့်ပေါင်းစပ်ဖန်တီးရာတွင် ရှေးရိုးရာ မပျက်တင်ဆက်နိုင်ရန် အရေးကြီးပေသည်။ သို့မှသာ မျိုးဆက်သစ်လူငယ်များ၏ နှလုံးအိမ်အတွင်း မှန်ကန်သော အမျိုးသားရေးစိတ်ဓာတ်ကောင်းများ ရောက်ရှိမည်ဖြစ်ပါသည်။ ထိုအမျိုးသားရေးစိတ်ဓာတ်များဖြင့်သာ တိုင်းပြည်အပေါ်ကျေးဇူးဆပ်နိုင်မည့် လူသားများဖြစ်လာကြလိမ့်မည်ဖြစ်ပေသည်။

**(ဃ) ထာဝရငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး**

"တစ်ဦးအကြောင်းတစ်ဦး သိရှိနားလည်မှုမှသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး တစ်ပြည်နယ်နှင့်တစ်ပြည်နယ် ချစ်ကြည်ရင်းနှီးရေးသို့" ဟူသည့်အတိုင်း လူတစ်ဦးနှင့်တစ်ဦးမှ အစပြုလျက် လူမျိုးတစ်မျိုးနှင့်တစ်မျိုး အပြန်အလှန်နားလည်မှုရှိခြင်းများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အထောက်အကူကောင်းတစ်ခုပင် ဖြစ်ပါသည်။ နိုင်ငံများကြားတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များစေလွှတ်၍ အပြန်အလှန် ချစ်ခင်ရင်းနှီးမှုကို ဆောင်ရွက်ခြင်းသည် ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးအတွက်ပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့နိုင်ငံတော်တွင် ကချင်တောင်တန်းနှင့် ရှမ်းရိုးမပေါ်မှ တေးသီချင်းများကို မြေပြန့်မှလူများက နှစ်သက်မြတ်နိုးစွာ သီဆိုကြသကဲ့သို့ ကရင်ဒုံးယိမ်းသီချင်းများကိုလည်း သဘောကျကြပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတို့၏ တေးသီချင်းများနှင့် အဝတ်အထည် အစားအသောက်များကို တိုင်းရင်းသားအားလုံးက နှစ်သက်မြတ်နိုးစွာ သုံးစွဲကြခြင်းသည် သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှုကို အပြန်အလှန် လေးစားအသိအမှတ်ပြုခြင်းပင် ဖြစ်ပါသည်။ ထိုသို့ အပြန်အလှန် အသိအမှတ်ပြုမှုများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု၏ မြစ်ဖျားခံရာပင်ဖြစ်သည့်အတွက် ယဉ်ကျေးမှုဟူသည် စကားလုံးအားဖြင့် တိုတောင်းသော်ငြား လေးနက်မှုနှင့် အနှစ်သာရများစွာ ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ပေသည်။

အနှစ်ချုပ်ဆိုရပါလျှင် ယဉ်ကျေးမှုသည် လူသားတိုင်း၏ နှလုံးသည်းပွတ်ပမာဖြစ်သကဲ့သို့ လူသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံတိုင်းအတွက်လည်း အဖိုးထိုက်သည့် အင်္ဂါတစ်ရပ်ပင် ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် မြေပေါ်မြေအောက် သယံဇာတများ မည်သို့ပင်ကုံလုံကြွယ်ဝသည့်တိုင် တိုင်းပြည်၏ အမျိုးသားရေးလက္ခဏာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို မထိန်းသိမ်းနိုင်ပါက တိုင်းပြည်သည် တစ်စတစ်စ လျှောကျပျက်စီးရစမြဲ ဖြစ်ပါသည်။ အတိတ်ကမ္ဘာ့သမိုင်းတွင် ပေါ်ထွန်းခဲ့သော ယဉ်ကျေးမှုထွန်းကားခဲ့သည့်နိုင်ငံအချို့ ယနေ့ကမ္ဘာကြီးပေါ်တွင် ပျောက်ကွယ်ခဲ့သည်ကိုကြည့်ပြီး သင်ခန်းစာယူတတ်ကြဖို့ လိုအပ်ပါသည်။ တစ်ချိန်တစ်ခါက နှစ်စဉ်နှစ်တိုင်းကျင်းပဖြစ်ခဲ့သော မြန်မာတို့၏ ယဉ်ကျေးမှုကို ဖော်ညွှန်းသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် အမျိုးသားရေးကို လွှဲမှားစွာပုံဖော်သော လူတစ်စုကြောင့် ကာလတစ်ခုအတွင်း မှေးမှိန်ခဲ့ရသည်။ ယခုမှာမူ စစ်မှန်သော အမျိုးသားရေး စိတ်ဓာတ်များဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ဆောင်မည့် အစိုးရ၏ဦးဆောင်မှုနှင့်အတူ အမျိုးသားရေးလက္ခဏာများကိုပြန်လည်ဖော်ထုတ်တော့မည်ဖြစ်ပေသည်။ မျိုးဆက်သစ်လူငယ်များအတွက်သာမက တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအတွက် လိုအပ်နေသော အမျိုးသားရေးအားဆေးတိုက်ကျွေးမည့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား တိုင်းပြည်ကို စစ်မှန်စွာချစ်သော ပြည်သူတစ်ဦး၏ ခံစားချက်ဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာ ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

> **တစ်ချိန်တစ်ခါက နှစ်စဉ်နှစ်တိုင်းကျင်းပဖြစ်ခဲ့သော မြန်မာတို့၏ ယဉ်ကျေးမှုကို ဖော်ညွှန်းသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် အမျိုးသားရေးကို လွှဲမှားစွာပုံဖော်သော လူတစ်စုကြောင့် ကာလတစ်ခုအတွင်း မှေးမှိန်ခဲ့ရသည်။ ယခုမှာမူ စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်များဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ဆောင်မည့် အစိုးရ၏ဦးဆောင်မှုနှင့်အတူ အမျိုးသားရေးလက္ခဏာများကို ပြန်လည်ဖော်ထုတ်တော့မည်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၄၃၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၁၁) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၉၄) ဦးအနက် (၆) ဦး၊ (၆.၄) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၈၈) ဦး၊ (၉၃.၆) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၅၃,၈၉၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၅,၃၁၅) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၆၅၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၉) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ဖြစ်ပွားမှုများပြားလျက်ရှိပါသည်။ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါပိုးများကို ပြည်ပမှ ဝင်ရောက်လာသူများနှင့် ပြည်တွင်းကူးစက်ခံရသူများတွင် တွေ့ရှိနေရပြီး ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းအစုလိုက်ကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုများအား လျော့ကျစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် -

(က) ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို အခန်းတွင်း၌ လူတစ်ဦးနှင့်တစ်ဦး နီးကပ်စွာရှိနေခြင်း၊ အများပြည်သူအသုံးပြုသော ယာဉ်များဖြင့် ခရီးသွားလာခြင်း၊ အများပြည်သူ ဝင်/ထွက်သွားလာ အသုံးပြုသော ဆေးရုံ/ကျန်းမာရေးဌာနများ၊ ရုံးများ၊ သင်တန်းများ၊ ကျောင်းများ၊ ဈေးများ၊ ဈေးဝယ်စင်တာများ၊ ဘိုးဘွားရိပ်သာအစရှိသော လူစုလူဝေးရှိရာနေရာများတွင် မဖြစ်မနေတပ်ဆင်ရန်၊

(ခ) ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ လည်ချောင်းနာခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာတစ်ခုခုရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ရန်လိုအပ်ပြီး ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊

(ဂ) ရုံးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်သည့် ရုံးဌာနများ၊ လုပ်ငန်းခွင်များအတွက် ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန်၊

(ဃ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့်သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက်ရှိသူအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၁-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၆) ဦး | (၆.၄) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၈၈) ဦး | (၉၃.၆) % |
| စုစုပေါင်း | (၉၄) ဦး | (၁၀၀) % |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၆၃၄၇၉၇၁ | ၉၂၀၂၃၇၄၁ | ၁၀၇၁၄၂၀ |
| ၂။ | အိန္ဒိယ | ၄၄၄၃၆၃၃၉ | ၄၃၄၈၅၆၈၀ | ၅၂၇၉၁၁ |
| ၃။ | ပြင်သစ် | ၃၄၅၂၉၂၀၁ | ၃၄၀၁၅၁၈၈ | ၁၅၄၀၉၃ |
| ၄။ | ဘရာဇီး | ၃၄၄၇၂၆၇၉ | ၃၃၄၈၀၉၈၀ | ၆၈၄၀၂၉ |
| ၅။ | ဂျာမနီ | ၃၂၁၈၄၅၅၃ | ၃၁၃၁၇၆၀၀ | ၁၄၇၄၉၄ |
| ၆။ | ဗြိတိန် | ၂၃၅၂၁၇၉၂ | ၂၃၂၀၅၆၄၉ | ၁၈၈၂၄၂ |
| ၇။ | တောင်ကိုရီးယား | ၂၃၃၂၇၈၉၇ | ၂၁၃၂၉၁၉၄ | ၂၆၈၇၆ |
| ၈။ | အီတလီ | ၂၁၈၆၇၇၅၇ | ၂၁၀၄၆၂၂၉ | ၁၇၅၅၉၅ |
| ၉။ | ရုရှား | ၁၉၅၇၈၇၃၀ | ၁၈၆၃၅၅၇၄ | ၃၈၄၄၄၁ |
| ၁၀။ | ဂျပန် | ၁၈၉၃၉၃၄၄ | ၁၇၁၁၀၁၆၆ | ၃၉၈၈၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၁၄၃၅၉ | ၁၀၁၈၇၇၈၇ | ၄၃၁၁၇ |
| ၂။ | အင်ဒိုနီးရှား | ၆၃၆၂၉၀၂ | ၆၁၆၀၈၇၇ | ၁၅၇၅၉၁ |
| ၃။ | မလေးရှား | ၄၇၈၂၆၂၄ | ၄၇၁၅၄၁၇ | ၃၆၂၁၆ |
| ၄။ | ထိုင်း | ၄၆၅၂၉၂၃ | ၄၆၀၄၆၀၅ | ၃၂၃၃၁ |
| ၅။ | ဖိလစ်ပိုင် | ၃၈၈၃၉၅၇ | ၃၇၉၉၈၃၄ | ၆၁၈၆၄ |
| ၆။ | စင်ကာပူ | ၁၈၃၉၂၄၄ | ၁၇၆၀၉၁၈ | ၁၅၉၂ |
| ၇။ | မြန်မာ | ၆၁၅၃၁၅ | ၅၉၃၆၅၂ | ၁၉၄၃၉ |
| ၈။ | ဘရူနိုင်း | ၂၂၀၂၄၅ | ၂၁၉၅၆၁ | ၂၂၅ |
| ၉။ | လာအို | ၂၁၄၁၆၉ | ၂၀၈၃၄၄ | ၇၅၇ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၆၂၉ | ၁၃၄၄၅၄ | ၃၀၅၆ |

## တိုက်ကြီးမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

တိုက်ကြီး စက်တင်ဘာ ၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဂွကျေးရွာအုပ်စု ဂုံညင်းတန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် သုသာန်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအား တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင်လည်း တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်း၊ တာဝန်ခံအင်ဂျင်နီယာ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့များနှင့်အတူ မြစိမ်းရောင်အတိုးရငွေ ၅၀ ရာခိုင်နှုန်း ငွေကျပ် ၆ ဒသမ ၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် သုသာန်လမ်းကွန်ကရစ်လမ်း အရှည် ၂၉၆ ပေ၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ် ၁၀ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း၊ လမ်းပြီးစီးသွားပါက ကျေးရွာအိမ်ခြေ ၁၃၈ ဦး၊ အိမ်ထောင်စု ၁၃၈ စုနှင့် လူဦးရေ ၅၃၂ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



# မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်၏ဇနီး ရိုစ်မက်ရှ် မန်ဆာအား အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ်များ ချမှတ်



**ကွာလာလမ်ပူ စက်တင်ဘာ ၁**

မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်၏ဇနီး ရိုစ်မက်ရှ်မန်ဆာအား အကျင့်ပျက်ခြစားမှု ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် ထောင်ဒဏ် ၁၀ နှစ်နှင့် ဒဏ်ကြေးငွေ အမေရိကန်ဒေါ်လာ ၂၁၆ သန်း ပေးအပ်ရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူတရားရုံးချုပ်က ယနေ့ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အသက် ၇၀ အရွယ်ရှိပြီဖြစ်သည့် ရိုစ်မက်ရှ်မန်ဆာသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ကန်ထရိုက်တာ Saidi Abang Samsudin ထံမှ လာဘ်ငွေ မလေးရှားရင်းဂစ် ၁၈၇ ဒသမ ၅ သန်း တောင်းခံခဲ့ပြီး ဆာရာဝတ်ခ်ပြည်နယ်ရှိ ကျေးလက်စာသင်ကျောင်း ၃၆၉ ကျောင်းအား နေစွမ်းအင်သုံး ဆိုလာမီးများ တပ်ဆင်ရန် မလေးရှားရင်းဂစ် ၁ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အစိုးရစီမံကိန်းတစ်ခုကို ကန်ထရိုက်တာ Saidi Abang Samsudin ၏ ကုမ္ပဏီ Jepak Holdings အားရရှိရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း စွဲချက်တင်ခြင်းခံခဲ့ရသည်။

ထို့ပြင် ရိုစ်မက်ရှ်မန်ဆာသည် ဝန်ကြီးချုပ်၏ နေအိမ်တွင် Saidi ထံမှ စုစုပေါင်း ရင်းဂစ် ၆ ဒသမ ၅ သန်း လာဘ်ငွေရရှိခဲ့ပြီး ကွာလာလမ်ပူမြို့ရှိ ၎င်းနေအိမ်၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ လာဘ်ငွေများ လက်ခံရယူခဲ့ကြောင်းလည်း စွပ်စွဲခံခဲ့ရသည်။

အဆိုပါစွဲချက်များတွင် အပြစ်ရှိကြောင်း တွေ့ရှိရသည့်အတွက် ထောင်ဒဏ် ၁၀ နှစ်နှင့် ဒဏ်ကြေးငွေ ပေးဆောင်ရန် စီရင်ချက် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တရားရုံးချုပ် တရားသူကြီး မိုဟာမက် ဇိုင်နီမာဇလန်က ဆိုသည်။

တရားရုံးရဲ့ ဆုံးဖြတ်ချက်ဟာ သူ့အတွက် လွန်စွာဝမ်းနည်းရပါကြောင်းနှင့် တရားရုံးသည် တရားမျှတမှုရှိသည့်နေရာဖြစ်သည့်အတွက် သူ၏ရှေ့နေများကိုလည်း အမှန်အတိုင်းသာထွက်ဆိုရန် မှာကြားထားကြောင်း ရိုစ်မက်ရှ်မန်ဆာက ဆိုသည်။ သို့သော် ၎င်းအနေဖြင့် ပိုက်ဆံရရှိဖို့ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတောင်းဆိုဖူးကြောင်းကိုလည်း ထည့်သွင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဆောင်းရာသီ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများ များပြားလာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ဂျီနီဗာ စက်တင်ဘာ ၁**

လာမည့်လများအတွင်း ကမ္ဘာပေါ်တွင် အေးမြသည့်ဆောင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများ များပြားလာမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

သို့ရာတွင် ဩဂုတ် ၁၅ ရက်မှ ၂၁ ရက်အတွင်း ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါကူးစက်မှု ကိုးရာခိုင်နှုန်းခန့်ကျဆင်းခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဝင်ငွေနည်းပါးသည့်နိုင်ငံများတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုပမာဏ ကျဆင်းလာခြင်းနှင့် ကမ္ဘာတွင် ကိုဗစ်–၁၉ ရောဂါ ဗီဇပြောင်းမျိုးရပ်စ်များ၏ ရောဂါကူးစက်နိုင်မှုအတိုင်းအတာ များပြားလာခြင်းတို့ကို ယခုအချိန်တွင် တွေ့ရှိနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ ဂါဘရီယီဆက်က ပြောကြားသည်။

ကမ္ဘာပေါ်ရှိ အချို့သော ဝင်ငွေမြင့်မားသည့်နိုင်ငံများတွင်ပင် ကျန်းမာရေးလုပ်သား ၃၀ ရာခိုင်နှုန်းနှင့် သက်ကြီးရွယ်အို ၂၀ ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေးမထိုးနှံရသေးသည်ကို တွေ့ရှိရသောကြောင့် ကမ္ဘာပေါ်ရှိ လူသားများသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူကာ လူအများအပြားရှိသည့်နေရာတွင် နှာခေါင်းစည်းဝတ်ဆင်ခြင်းကဲ့သို့သော ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်း အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး သုည ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်

**ဆိုးလ် စက်တင်ဘာ ၁**

တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ယခုနှစ်ဒုတိယနှစ်ဝက်တွင် သုည ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

နိုင်ငံ၏ ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ၂၀၂၀ ပြည့်နှစ်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုများကြောင့် ကျဆင်းခဲ့ရာမှ ယခုနှစ်အတွင်း ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။ ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ခဲ့ပြီးနောက် လူတစ်ဦးချင်းစီ၏ ကုန်ပစ္စည်းသုံးစွဲမှုရာခိုင်နှုန်းသည် ၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကာ ပြည်ပပို့ကုန်တန်ဖိုးသည် ၃ ဒသမ ၁ ရာခိုင်နှုန်းခန့် တိုးတက်လာခဲ့ကြောင်း သိရသည်။

သို့ရာတွင် ပြည်တွင်းနှင့် ပြည်ပ၌ နိုင်ငံသားများရရှိသည့် ဝင်ငွေသည် ဒုတိယနှစ်ဝက်အတွင်း ၁ ဒသမ ၃ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# သီရိလင်္ကာနိုင်ငံပြည်သူ ၁ ဒသမ ၅ သန်း အရေးပေါ်စားနပ်ရိက္ခာအကူအညီများ လိုအပ်လျက်ရှိ

**ကိုလံဘို စက်တင်ဘာ ၁**

သီရိလင်္ကာနိုင်ငံ၌ စားနပ်ရိက္ခာများ ပြတ်လပ်လျက်ရှိစဉ် ပြည်သူ ၁ ဒသမ ၅ သန်းသည် အရေးပေါ်စားနပ်ရိက္ခာ အကူအညီများ လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ် (WFP) က ပြောကြားသည်။

ပြည်သူ ၁၀ ဦးအနက် သုံးဦးသည် စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များသည် နိုင်ငံ၏ စီးပွားရေးပျက်ကပ်၏ ဆိုးကျိုးကို ဆိုးရွားစွာခံစားနေရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် ပြည်သူ ၆ ဒသမ ၃ သန်းနီးပါးသည် စားနပ်ရိက္ခာ လုံလောက်မှုမရှိကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

လက်ရှိတွင် ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်သည် အမျိုးသားစာသင်ကျောင်းများ စားနပ်ရိက္ခာအစီအစဉ်မှ တစ်ဆင့် ကလေးငယ် တစ်သန်းအား လူမှုဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအစဉ်များ ထောက်ပံ့ရန် စီစဉ်လျက်ရှိသည်။



သီရိလင်္ကာနိုင်ငံသည် လောင်စာဆီ၊ ဆေးဝါးနှင့် စားနပ်ရိက္ခာများကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများပြတ်လပ်လျက်ရှိပြီး နိုင်ငံခြားငွေပြတ်လပ်မှုများလည်း ရင်ဆိုင်ကြုံတွေ့နေရသည့်အတွက် အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။

နိုင်ငံခြားငွေ ပြတ်လပ်မှုကြောင့် စားသောက်ကုန်အများအပြား တင်သွင်းမှုကို တားမြစ်ပိတ်ပင်ခြင်းခံထားရကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကြောင့် လူ ၅၀ ထပ်မံသေဆုံး

**မနီလာ စက်တင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုကြောင့် ၅၀ ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၁၈၆၄ ဦးရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၃၇၆၇ ဦးထပ်မံ တွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၈၈၃၉၅၇ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ယင်းရောဂါပိုးတွေ့ဆဲလူနာ ၂၂၂၅၉ ဦး ရှိသည်။

ကိုဗစ်–၁၉ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၀၁၆ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၇၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံသားများ၏ သက်တမ်း ကျဆင်းလာ

**ကင်းစက်စီးတီး စက်တင်ဘာ ၁**

အမေရိကန်နိုင်ငံသားများ၏ လူ့သက်တမ်းသည် ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါစတင်ဖြစ်ပွားသည့် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ကျဆင်းလာကြောင်း သိရသည်။

အမေရိကန်နိုင်ငံသားများ၏ လူ့သက်တမ်းသည် ၂၀၁၉ ခုနှစ်တွင် ၇၈ နှစ် ၁၀ လ၊ ၂၀၂၀ ပြည့်နှစ်တွင် ၇၇ နှစ်နှင့် ၂၀၂၁ ခုနှစ်တွင် ၇၆ နှစ်သို့ ကျဆင်းလာကြောင်း အမေရိကန်နိုင်ငံရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ ၂၀၂၁ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတွင် ဗီဇပြောင်းကိုဗစ်–၁၉ ရောဂါ ကူးစက်မှုများပြားလာခြင်းကြောင့် သေဆုံးမှုများ များပြားလာခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

**လျော့နည်းရခြင်းဖြစ်**

ထို့ပြင် နိုင်ငံအတွင်း အဆင့်အတန်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို နိုင်ငံသားတိုင်းမရရှိခြင်း၊ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုရာခိုင်နှုန်း နည်းပါးခြင်းနှင့် လုပ်ခလစာနည်းပါးသည့် အလုပ်အကိုင်များကိုသာ နိုင်ငံသား အများအပြားလုပ်ကိုင်ရခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစရိတ် သုံးစွဲမှုနည်းပါး၍ နိုင်ငံသားများ၏ လူ့သက်တမ်းလျော့နည်းရခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – စီဂျီတီအင်န်၊ ဘာသာပြန် – စိုးသူရ**

# ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် တရားရုံးသစ်ဖွင့်ပွဲ ကျင်းပ

ကျုံပျော် စက်တင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်၏ ခရိုင်တရားရုံးသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲက ခရိုင်တရားရုံးသစ်တည်ရှိရာ ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက် ဗိုလ်ချုပ်လမ်း၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်တရားရုံးသစ်ကို ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ထွေးထွေး၊ ကျုံပျော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်တရားသူကြီး ဦးအောင်နေလင်းတို့က ခရိုင်ရုံးဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။




**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ခရိုင်ရုံးသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

တရားရုံးသစ်ဖွင့်ပွဲသို့ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်တရားသူကြီးနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ဆောက်လုပ်ရေးသုံးပစ္စည်း၊ စက်မှုကုန်ကြမ်းပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်နှင့် ၃၁ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီကုန်သွယ်ရေးဇုန်၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော စက်မှုကုန်ကြမ်းပစ္စည်းများနှင့် မော်တော်ယာဉ်အပိုပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၇၄၉၄၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ် ၃၀ ရက်တွင်** စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခန္တီးမြို့နယ်အတွင်း AD Van အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့နယ် ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၀၄၂ / ၁၀၄၃) အကြားတွင် တရားမဝင် ပိတောက်သစ်ခွဲသား ၄ ဒသမ ၈၆၆ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၁၅၆၀)** နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၂၁၁၅၆၀)** ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ **ဩဂုတ် ၃၁ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသော ကုန်တင်ယာဉ်နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော စားသုံးဆီများ၊ လျှပ်စစ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၃၉၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Giga အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် Mitsubishi Fuso အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) (**စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၉၃၉၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ် ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင်** ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်များကို စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော လျှပ်စစ်ပစ္စည်းနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ ၂၂ ဘီး ကုန်တင်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀) (**စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၉၃၅၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာ ၁ ရက်တွင်** ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်ကျွန်းသစ် ၂ ဒသမ ၃၉၁၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၈၅၆၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၈ ရက်၊ ၃၀ ရက်၊ ၃၁ ရက်နှင့် စက်တင်ဘာ ၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၉၅၇၉၀၆၀ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှမော်တော်ယာဉ်ကိုကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသောမော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ/ မရှိ ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ/ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း/ မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၉-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဩဂုတ်လ)(ပထမပိုင်း)
**၀၉:၁၀** နဝင်္ဂဥပါသကသီလဝံယူဆောက်တည်ခြင်း
**၀၉:၃၅** မျက်မှောက်ရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၃:၃၀** MRTV National News
**၁၄:၄၅** ၂၀၂၂ခုနှစ်၊ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ) (ပြည်ထဲရေးဝန်ကြီးဌာနအသင်း) နှင့် (ကာကွယ်ရေးဝန်ကြီးဌာနအသင်း)
**၁၇:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဩဂုတ်လ)(ဒုတိယပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာ သိရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** စိန်ရတုလွှတ်လပ်ရေးနေ့ ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ 'တူယှဉ်နွဲ့ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (အုပ်စု-က)(ပွဲစဉ်-၁)

**mitv**

**07:02** Evergreen Classic: Parami Taw (Hnin Hnin Htoo)
**07:09** Artist Life: Designer Nay Chi Win Lai Yee
**07:26** San Lin Tun (Winner) Lose2Win with Andy Season 2
**07:44** MONASTERY (Bargayar Kyaung)
**08:01** News
**08:28** Rakhine Tourist Area
**09:01** Myanmar Puppeteers (Zawgyi Dance)
**09:10** Crickets: Seasonal Delicacy & Job Opportunity
**09:27** Myanmar Traditional Brass Embossed Painting
**09:46** The Golden Triangle
**10:01** News
**10:26** Global Partnership for Brighter Future: Zimbabwe Pavilion at Expo 2020 Dubai

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဩဇာသီးရဲ့အကျိုးကျေးဇူး
**ချင်း(လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
**ချင်း(ချို) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်းရိုးရာကြိမ်ထိုင်ခုံပြုလုပ်ခြင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ငါးရံ့ညှပ်သီးချက်
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အဆိုတော်ကြီးဖြစ်ချင်သူ
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ကျိုင်းတုံမြို့
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၅)
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ခုနှစ်ရိုးရာဝတ်စားဆင်ယင်ပုံ
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)
**စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
မိသားစုဝင်ငွေတိုးစေဖို့ငါးခူမွေးကြပါစို့
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
သဘာဝပိကျောင်းများ ပျော်စရာမိန်းမလှကျွန်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၄၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ (ဩဂုတ်လ၊ အပိုင်း-၂)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလဲ
**၀၉:၁၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာမခက်'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၂)
**၁၁:၀၀** ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၃)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** စိုက်ပျိုးရေးကိုအခြေတည်...တန်ဖိုးရှိတဲ့မြန်မာ့ထုတ်ကုန်ဆီ
**၀၇:၃၅** တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးဆီသို့
**၀၈:၂၀** စီးပွားဖြစ်နေသည့်သခွားမွှေး GAP စနစ်ဖြင့်စိုက်ပျိုးပေး
**၀၉:၃၅** အနာဂတ်ဝင်ငွေတိုးစေဖို့မျိုးကောင်းသရက်စိုက်ကြစို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၃၀** Soccer View/Weekly Sports Info/ Sports Diary/ Weekly MNL Review
**၁၄:၅၀** ၂၀၂၂ခုနှစ်၊ နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ဗိုလ်လုပွဲ) (ပြည်ထဲရေးဝန်ကြီးဌာနအသင်း) နှင့် (ကာကွယ်ရေးဝန်ကြီးဌာနအသင်း)
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၇)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသော မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားမှတ်တိုင်အမှတ် ဘီပီ-၄၀ ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား AA အဖွဲ့က သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်

**နေပြည်တော် စက်တင်ဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ထာဝရငြိမ်းချမ်းရေး ရရှိစေရန်ရည်ရွယ်၍ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းအားလုံးကို ကြိုတင်ကန့်သတ်ချက် မထားရှိဘဲ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ထားရှိသည်။ ထိုသို့ဖိတ်ခေါ်ခဲ့မှုကြောင့် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ ၁၀ ဖွဲ့ဖြင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း ဒုတိယအကြိမ်အဖြစ် အချို့တိုင်းရင်းသားအဖွဲ့များဖြင့် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ ထိုကဲ့သို့ ထာဝရငြိမ်းချမ်းရေး ရရှိအောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိစဉ် AA အဖွဲ့အနေဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကို လျစ်လျူရှု၍ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားမှတ်တိုင်အမှတ် ဘီပီ-၄၀ ရှိနယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား ဩဂုတ် ၃၁ ရက် နံနက်ပိုင်းတွင် AA အဖွဲ့က သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

**ထိခိုက်ကျဆုံးခဲ့ရ**

ဖြစ်စဉ်မှာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တရားမဝင် ကူးသန်းသွားလာမှုများ၊ မူးယစ်ဆေးဝါးနှင့် မှောင်ခိုပစ္စည်းများ သယ်ယူဖြတ်သန်းခြင်းများ မရှိစေရေးနှင့် နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့များက နေ့၊ ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိသည့်အပေါ် AA အဖွဲ့များအနေဖြင့် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် မူးယစ်ဆေးဝါးနှင့် မှောင်ခိုပစ္စည်းများ အပါအဝင် တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ရန်နှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုများ ပျက်ပြားစေရန်ရည်ရွယ်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့များအား ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ဖြတ်တောက်ခြင်းများ ဆောင်ရွက်လာခဲ့ပြီး ဩဂုတ် ၃၁ ရက်နံနက်ပိုင်းတွင် နှစ်နိုင်ငံနယ်ခြားမှတ်တိုင်အမှတ် ဘီပီ- ၄၀ ရှိ အင်အားအနည်းငယ်သာရှိသော နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့များ အနေဖြင့်ရဲဝံ့စွန့်စားစွာ ခုခံတိုက်ခိုက်ခဲ့သော်လည်း AA အဖွဲ့၏ မတန်တဆများပြားသော အင်အားအလုံးအရင်းဖြင့် အလစ်အငိုက်ရယူတိုက်ခိုက်ခဲ့ခြင်းကြောင့် စခန်းအား လက်လွှတ်ဆုံးရှုံးခဲ့ရပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်တချို့ ထိခိုက်ကျဆုံးခဲ့ရသည်။ အဆိုပါစခန်းအား ပြန်လည်သိမ်းပိုက်ရရှိရေး စစ်ကူ၊ ပစ်ကူရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**စိုးရိမ်ထိတ်လန့်လျက်ရှိ**

နိုင်ငံတော်အစိုးရအနေဖြင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် အဘက်ဘက်မှ ကြိုးပမ်းနေစဉ်ကာလအတွင်း AA အဖွဲ့သည် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များအား ယခုကဲ့သို့ရက်စက်စွာတိုက်ခိုက်သတ်ဖြတ်လာမှုနှင့် ပတ်သက်၍ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားကာ ရရှိထားသော တည်ငြိမ်အေးချမ်းမှု ထိခိုက်ပျက်ပြားမည်ကို စိုးရိမ်ထိတ်လန့်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသော မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားမှတ်တိုင်အမှတ် ဘီပီ-၄၀ ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား AA အဖွဲ့က သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ




# အကြမ်းဖက်သမားများက ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ ရွှေဂွန်းကျေးရွာအတွင်းရှိ ရတနာရွှေဆိုင် နှစ်ဆိုင်မှ ခန့်မှန်းကျပ်သိန်း ၆၂၀ တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်

**နေပြည်တော် စက်တင်ဘာ ၁**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ ရွှေဂွန်းကျေးရွာအတွင်းသို့ ဩဂုတ် ၃၁ ရက်တွင် အကြမ်းဖက်သမားများက သေနတ်များပစ်ဖောက်ဝင်ရောက်လာပြီး ၎င်းကျေးရွာအတွင်းရှိ ရတနာရွှေဆိုင် နှစ်ဆိုင်မှ ခန့်မှန်းကျပ်သိန်း ၆၂၀ တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားကြောင်း သိရသည်။

**သေနတ်များပစ်ဖောက်ကာဝင်ရောက်**

ဖြစ်စဉ်မှာ ဩဂုတ် ၃၁ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ မြို့မရပ်ကွက်ရှိ ရွှေဂွန်း-လက်ပံတန်း ကူးတို့ဆိပ်သို့ စက်လှေ နှစ်စင်း ဆိုက်ကပ်လာပြီး ၎င်းစက်လှေနှစ်စင်းပေါ်မှ အကြမ်းဖက်သမား ရှစ်ဦးဆင်းလာကာ တစ်ဦးမှ ကူးတို့ဆိပ်တွင် စောင့်နေခဲ့ပြီး ကျန် ခုနစ်ဦး






မှ မြို့မရပ်ကွက်အတွင်းသို့ သေနတ်များပစ်ဖောက်ကာ ဝင်ရောက်၍ ကူးတို့ဆိပ်အနီးတွင် ဖွင့်လှစ်ထားသည့် ဦးအောင်သန်းထွန်း(၄၄)နှစ် (ဘ) ဦးထွန်းထွန်း ပိုင်ဆိုင်သည့် "သရဖူ" အာမခံရတနာရွှေဆိုင်မှ ရောင်းချမည့် ရွှေထည်ပစ္စည်းများ ခင်းကျင်းပြသထားသည့် မှန်ကောင်တာနှစ်ခုနှင့် ဦးဝေသန့်ဇင်(၅၁)နှစ် (ဘ)ဦးသိန်းလွင် ပိုင်ဆိုင်သည့် "ထွန်း"ရတနာရွှေဆိုင်မှ မှန်ကောင်တာ သုံးခုတို့ကို အကြမ်းဖက်သမားများက သေနတ်ဒင်များဖြင့် ရိုက်ခွဲဖျက်ဆီးကာ "သရဖူ" အာမခံရတနာရွှေဆိုင်မှ ရွှေလက်စွပ် အကွင်း ၁၀၀၊ ရွှေလက်ကောက် အကွင်း ၂၀၊ ရွှေဆံညှပ် လေးခု ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၆၀၀ ခန့်နှင့် "ထွန်း" ရတနာရွှေဆိုင်မှ ရွှေနားကပ် ၁၀ ရံ ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၂၀ ခန့် စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၆၂၀ ခန့်အား လုယက်ယူဆောင်ကာ လက်ပံတန်းကျေးရွာဘက်သို့ စက်လှေဖြင့် ပြန်လည်ထွက်ပြေးသွားခဲ့သည်။

ထိုကဲ့သို့ ကျေးရွာအတွင်း သေနတ်ပစ်ဖောက်ဝင်ရောက်ကာ လုယက်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ဥပဒေနှင့် အညီ အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကန်ကြီးထောင့်မြို့နယ်၌ အိမ်ထောင်စု လူဦးရေစာရင်း (ပုံစံ-၆၆/၆) မှတ်တမ်းများအား e-ID Software အတွင်း ရေးသွင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ၃၈ ရာခိုင်နှုန်းပြီးစီး

**ကန်ကြီးထောင့် စက်တင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်လျက်ရှိသော အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆) မှတ်တမ်းများအား e-ID စနစ်ဖြင့် Software Program နည်းပညာအသုံးပြု၍ Data Base အတွင်း ရေးသွင်းခြင်းကို ဝန်ထမ်းအင်အား ၁၃ ဦး၊ Laptop ၁၃ လုံးဖြင့် ဇူလိုင် ၁၈ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) နိုင်ငံသားတစ်ဦးချင်း၏ နိုင်-၄ မှတ်တမ်းများအား e-ID စနစ်ဖြင့် Software Program နည်းပညာအသုံးပြု၍ Data Base အတွင်း ထည့်သွင်းဆောင်ရွက်နေမှုများကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်ဆွေက လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က လူအင်အား၊ စက်အင်အားကို တိုးမြှင့်ဆောင်ရွက်ရေးနှင့် သတ်မှတ်ရက်အတွင်း အချိန်မီ ရာနှုန်းပြည့်ပြီးစီးရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)နိုင်ငံသားတစ်ဦးချင်း၏ နိုင်-၄ မှတ်တမ်းများဆောင်ရွက်ရန် လုပ်ငန်းလျာထားချက် ၄၄၀၄၀ ရှိပြီးစက်တင်ဘာ ၁ ရက်အထိ စာရင်း



ရေးသွင်းပြီးစီးမှု ၁၆၆၉၇ ဦး ရေးသွင်းပြီးစီး၍ ဆက်လက်ရေးသွင်းရန် ကျန် လူဦးရေမှာ ၂၇၃၄၃ ဦးဖြစ်ရာ ပြီးစီးမှုရာခိုင်နှုန်းမှာ ၃၇ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ကြောင်း သက်ဆိုင်ရာမှ သိရသည်။

**မဇင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၀ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၃၃၅ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၅ | ၂၄၁၅ | ၂၄၃၅ | ၂၃၃၀ | ၂၃၄၀ | ၂၃၇၅ | ၂၃၇၅ | ၂၃၇၅ | ၂၅၉၅ | ၃၂၄၅ |
| 95 Ron | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၁၀ | ၂၃၉၀ | ၂၄၈၀ | ၂၄၉၅ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၃၃၁၀ |
| HSD (500 ppm) | ၃၀၀၀ | ၃၀၅၀ | ၃၀၄၅ | ၃၀၁၀ | ၃၀၄၅ | ၃၀၇၀ | ၃၀၆၅ | ၃၀၃၅ | ၃၁၅၀ | ၃၁၄၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၈၅ | ၃၀၈၅ | ၃၀၈၅ | ၃၃၀၅ | ၃၉၈၀ |
| HSD (50 ppm) | ၃၀၈၅ | ၃၁၃၅ | ၃၁၃၀ | ၃၀၉၅ | ၃၁၃၀ | ၃၁၅၅ | ၃၁၅၀ | ၃၁၂၀ | ၃၂၃၅ | ၃၂၃၀ | ၃၁၂၅ | ၃၁၃၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၇၀ | ၃၃၉၀ | ၄၀၁၅ |
| HSD (10 ppm) | ၃၀၈၅ | ၃၁၃၅ | ၃၁၃၀ | ၃၀၉၅ | ၃၁၃၀ | ၃၁၅၅ | ၃၁၅၀ | ၃၁၂၀ | ၃၂၃၅ | ၃၂၃၀ | ၃၁၂၅ | ၃၁၃၅ | ၃၁၇၀ | ၃၁၇၀ | ၃၁၇၀ | ၃၃၉၀ | ၄၀၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၆၂ |
| 95 Ron | ၂၂၄၈ | ၂၃၂၆ |
| HSD (500 ppm) | ၂၈၇၆ | ၂၉၆၄ |
| HSD (50 ppm) | ၂၉၅၇ | ၃၀၄၅ |
| HSD (10 ppm) | ၂၉၅၇ | ၃၀၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**✻ ကျောဖုံးမှ**

အလားတူ ကျန်ရှိနေသော မြို့ပေါ်ရပ်ကွက်များသို့လည်း လှည့်လည်ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း ကော့သောင်းခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**● အာဆင်နယ်အသင်းမှ**

အထိ ပထမဆုံးအကြိမ်နိုင်ပွဲရရှိခဲ့ခြင်းလည်း ဖြစ်ပါတယ်။ မန်စီးတီးအသင်းနဲ့ နော့တင်ဟမ်ဖောရက်စ်တို့ပွဲစဉ်မှာ မန်စီးတီးအသင်းက ခြောက်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး တိုက်စစ်မှူး ဟာလန်းက ပွဲကစားချိန် ၁၂ မိနစ်၊ ၂၃ မိနစ်နဲ့ ၃၈ မိနစ်တွေမှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့ကာ အခြားသွင်းဂိုးတွေကိုတော့ ကန်ဆယ်လို(မိနစ် ၅၀)ကတစ်ဂိုးနဲ့ အယ်လ်ဗာရက်ဇ်(၆၅ မိနစ်၊ ၈၇ မိနစ်)က နှစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဟာလန်းဟာ ဒုတိယအကြိမ်မြောက် ပရီမီယာလိဂ်ဟက်ထရစ်ဂိုးသွင်းရှင်ဖြစ်ခဲ့ကာ ပရီမီယာလိဂ်ငါးပွဲမှာ ကိုးဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး မန်စီးတီးအသင်းကတော့ နော့တင်ဟမ်ဖောရက်စ်ကို အနိုင်ရခဲ့လို့ ရမှတ် ၁၃ မှတ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ပွဲစဉ်မှာတော့ နယူးကာဆယ်အသင်းဟာ ပွဲကစားချိန် ၃၈ မိနစ်မှာ အီဆက်ခ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် လီဗာပူးအသင်းက ပွဲကစားချိန် ၆၁ မိနစ်မှာ သွင်းယူခဲ့တဲ့ ဖာမီနိုရဲ့သွင်းဂိုး၊ သာမန်ပွဲကစားချိန်ပြည့်ပြီး နာကျင်အချိန်ပိုမှာ သွင်းယူခဲ့တဲ့ ကာဗယ်ဟိုရဲ့သွင်းဂိုးတွေနဲ့ နယူးကာဆယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ လီဗာပူးအသင်းဟာ ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

## MNL-2 ပြိုင်ပွဲတွင် တက္ကသိုလ်အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၁**

၂၀၂၂ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ဒုတိယနေ့ကို စက်တင်ဘာ ၁ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁၌ ကျင်းပရာ တက္ကသိုလ်အသင်းက ယောမြေအသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

တက္ကသိုလ်အသင်းသည် ယခုတစ်ပတ်တွင်လည်း ယောမြေအသင်းကို အနိုင်ယူကာ နိုင်ပွဲဆက်ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ တက္ကသိုလ်အသင်းသည် ယခင်ဦးဆောင်နေသည့် ဒဂုံစတားယူနိုက်တက်အသင်းကို ပွဲတူတစ်မှတ်အသာရကာ ဇယားထိပ်ဆုံးသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဒဂုံစတားယူနိုက်တက်အသင်းသည် စက်တင်ဘာ ၂ ရက်တွင် Young Boys အသင်းနှင့် ကစားရမည်ဖြစ်ပြီး အနိုင်ရပါက တစ်ပွဲပိုကစားကာ ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်မည်ဖြစ်သည်။



ယောမြေအသင်းနှင့် တက္ကသိုလ်အသင်း ယှဉ်ပြိုင်စဉ်။

တက္ကသိုလ်အသင်းသည် ပွဲအစ ၂ မိနစ်မှာပင် မြင့်နိုင်သူ၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ပြီး စောစီးစွာ ဂိုးရခဲ့သဖြင့် ပွဲကိုထိန်းချုပ်နိုင်ခဲ့သည်။ ၁၇ မိနစ်တွင် တက္ကသိုလ်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ကောင်းသက်နိုင်က သွင်းယူခဲ့ကာ ပထမပိုင်းအပြီးတွင် တက္ကသိုလ်အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ယောမြေအသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းသော်လည်း ချေပဂိုးရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိဘဲ ပွဲပြီးခါနီးတွင် သိန်းထက်အောင်က တက္ကသိုလ်အသင်းအတွက် တတိယအနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် တက္ကသိုလ်အသင်းက လေးပွဲကစား ရမှတ်ကိုးမှတ်ရရှိထားပြီး ယောမြေအသင်းမှာမူ လေးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ပွဲစဉ် (၅) နောက်ဆုံးနေ့အဖြစ် စက်တင်ဘာ ၂ ရက်တွင် Young Boys အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

**❍ AFF Cup 2022 မှ**

အိမ်ကွင်း၊ ဇန်နဝါရီ ၃ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။ AFF Cup 2022 ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၆ ရက်၊ ၇ ရက်၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၉ ရက်၊ ၁၀ ရက်၊ ဗိုလ်လုပွဲ ပထမအကျော့ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် လက်ရှိချန်ပီယံ ထိုင်း၊ဖိလစ်ပိုင်၊အင်ဒိုနီးရှား၊ကမ္ဘောဒီးယား၊ ခြေစစ်ပွဲအောင်အသင်း (တီမော/ဘရူနိုင်း)၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ၂၀၁၈ ပြိုင်ပွဲတွင် တစ်အုပ်စုတည်းကျရောက်ခဲ့သည့် ဗီယက်နမ်၊ မလေးရှား၊ လာအို၊ ၂၀၂၀ ပြိုင်ပွဲတွင် တစ်အုပ်စုတည်းကျရောက်ခဲ့သည့် စင်ကာပူအသင်းတို့နှင့် ပြန်လည်ကျရောက်လျက်ရှိသည်။

မြန်မာအသင်းသည် ပွဲစဉ်ရေးဆွဲထားမှုအရ မလေးရှား၊ စင်ကာပူတို့နှင့် ကစားရမည့် ရှေ့နှစ်ပွဲတွင် ရလဒ်ကောင်းမှသာ ဆီမီးဖိုင်နယ်တက်ရောက်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံထိပ်သီးအသင်းများဖြစ်သည့် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး မလေးရှားနှင့်ပွဲကိုသာ အိမ်ကွင်းကစားရမည်ဖြစ်ပြီး ကျန်နှစ်ပွဲကို အဝေးကွင်းကစားရမည်ဖြစ်သောကြောင့် ပိုမိုရုန်းကန်ရဖွယ်ရှိနေသည်။ **ကိုညီလေး**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ပြိုင်ပွဲခန်းမတစ်ခုလုံးသည် ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။ အကဲဖြတ်လူကြီးများသည် ပြုံးကြောင်ကြောင်ဖြင့် ကိုဘခက်အား ဝိုင်း၍ ကြည့်ကြသည်။ ကိုဘခက်ကမူ စကားဆုံးသည်နှင့် တစ်ပြိုင်နက် တယောကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်၍ စင်မြင့်အစွန်းတွင်တင်၍ ရိုက်ခွဲလိုက်သည်။ ပြီးမှ ပြိုင်ပွဲခန်းမအတွင်းမှ တစ်လှမ်းချင်း ထွက်ခဲ့လေသည်။

ကိုဘခက်သည် ဒေါသစိတ်ဖြင့် ဦးတည်ရာမရှိ ထွက်လာခဲ့သည်။ သူ့အဖို့ သွားစရာ၊ နေစရာမရှိ။ တည်းအိမ်သို့ပြန်ရန်လည်း မျက်နှာမပြရဲတော့ချေ။

ကိုဘခက်သည် ခေါင်းငိုက်စိုက်ဖြင့် လျှောက်၍ လာမိသည်။ ထိုအတွင်း ကားတစ်စီးသည် သူ့နောက်မှ ကပ်၍ရပ်လိုက်သည်။ ကိုဘခက်သည် ရုတ်တရက် လှည့်၍ကြည့်လိုက်မိသည်။ ကားပေါ်မှ လူကြီး၏မျက်နှာကို မြင်လိုက်ရသောအခါ သူ့မျက်နှာသည် အလိုလို တင်းမာ၍လာသည်။

စောစောကတွေ့ခဲ့သော အကဲဖြတ်လူကြီးများထဲမှ မြင်ခဲ့ရသောမျက်နှာကို ကောင်းကောင်းမှတ်မိလိုက်သည်။

ကားတွင်းမှ အသက်လေးဆယ်ကျော် ငါးဆယ်ခန့် လူကြီးတစ်ယောက်သည် ပြုံးချိုသောမျက်နှာဖြင့် သူ့အနားသို့ ရောက်၍လာသည်။

ကိုဘခက်သည် ထိုလူကြီးမျက်နှာကိုပင် ကြာကြာမကြည့်နိုင်တော့ချေ။ မကျေမချမ်းသောစိတ်ဖြင့် မျက်နှာကိုလွှဲ၍ ဆက်၍လျှောက်ခဲ့လေသည်။

"ဟေ့ .... သူငယ်၊ နေပါဦး .... ခဏ၊ ဦး စကားနည်းနည်းပြောပါရစေ"

ကိုဘခက်သည် မျက်မှောင်ကိုကုတ်၍ ကြည့်လိုက်သည်။ ယခုတစ်ကြိမ်တွင် ထိုလူကြီး၏မျက်နှာကိုမြင်လိုက်ရုံဖြင့် သူ၏ဒေါသစိတ်များသည် တဖြည်းဖြည်း ပြေ၍လာလေသည်။

"မောင်ရင် အခုဘယ်သွားမလို့လဲ"

"ဘယ်ရယ်လို့မဟုတ်ပါဘူး၊ ခြေထောက်က မညောင်းမချင်း လျှောက်သွားနေရမှာပဲ"

လူကြီးသည် သူ့အား အံ့ဩဟန်ဖြင့် ငေးမော ကြည့်နေလိုက်သည်။

"ဟင် ... ဒါဖြင့် နေတော့ရော ဘယ်မှာနေသလဲ"

"ကျွန်တော့်မှာ နေစရာအိမ် မရှိပါဘူး"

"ဟင် ... နေစရာမရှိဘဲ ရန်ကုန်မှာ ဘယ်လိုလုပ်နေသလဲ၊ နို့ ... နေပါဦး၊ မောင်က ဘယ်မြို့ကလဲ"

"မန္တလေးနဲ့ အနီးတစ်ဝိုက်မြို့ကပဲ၊ ပြိုင်ပွဲဝင်ချင်လွန်းလို့ စွန့်ပြီးလာတာ၊ ရန်ကုန်မှာ အသိလည်းမရှိဘူး၊ တည်းအိမ်လည်းမရှိ။ အရင်တော့ ပြိုင်ပွဲအတွင်းရေးမှူး ဦးဘရီအိမ်မှာအိပ်တယ်။ ခုတော့ သူ့ဆီပြန်သွားလို့လည်း မကောင်းတော့ဘူး"

လူကြီးသည် ကိုဘခက်အား အကဲခတ်သလို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။ သို့ကြည့်နေရင်း သူသည် ကိုဘခက်အား သနားလာဟန် ရှိလေသည်။

"ကျုပ်မောင်ရင့်ရဲ့ တီးကွက်တီးဟန်တွေ အားလုံးကြိုက်တယ်၊ မောင်ရင့်ကိုပဲ ကျုပ် အမှတ်အများဆုံးပေးတာပဲ။ ဒါပေမဲ့ ရှစ်ယောက်နဲ့ တစ်ယောက်ဆိုတော့ မောင်ရင် ဘယ်ရတော့မလဲ။ မောင်ရင့်ရဲ့ ပညာမာနကိုလည်း ကျုပ်သဘောကျတယ်"

ကိုဘခက်သည် သူ့နားကိုသူ မယုံနိုင်သလိုရှိတော့သည်။ မတရားရှုံးခဲ့ရသောပွဲအတွက် ခံပြင်းခဲ့သောစိတ်တို့သည် ထိုလူကြီး၏စကားကြောင့် ပြေပျောက်သွားလေတော့သည်။ ကိုဘခက်သည် ဘာမျှပြန်မပြောနိုင်ဘဲ ငိုင်၍နေမိသည်။ လူကြီးကား ကိုဘခက်ကို အကဲခတ်နေသလို ကြည့်ရင်း တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။ အတန်ကြာမှ တစ်ခုခုကို ဆုံးဖြတ်လိုက်ဟန်ရှိသည်။

"ကဲ ... မောင်ရင် မြို့ကိုမပြန်ခင် ကျုပ်ဆီမှာ အလုပ်လုပ်မလား၊ ကျုပ်မောင်ရင့်ကို နေစရာအခန်းလည်းပေးမယ်၊ လခလည်းပေးမယ်"

"ခင်ဗျား ... ကျွန်တော့်ကို အလုပ်ပေးမယ် ... ဟုတ်လား၊ ကျွန်တော်က အတီးအမှုတ်ကလွဲလို့ တခြားဘာမှမလုပ်တတ်ဘူး"

ကိုဘခက်၏စကားကိုပင် လူကြီးက သဘောကျသွားဟန်ရှိသည်။ လူကြီးသည် ကိုဘခက်အား ပြုံး၍ ကြည့်လိုက်ရင်း ပခုံးကို အသာပုတ်လိုက်သည်။

"ကျုပ် လူကဲခတ်မညံ့ပါဘူး၊ မောင်ရင်ကလည်း ဒီအလုပ်ကလွဲလို့ တခြားအလုပ်ကိုလုပ်မယ့်သူ မဟုတ်ဘူးဆိုတာ ကျုပ် အကဲခတ်မိပါတယ်။ အခု မောင်ရင်လုပ်ရမှာလည်း ဒီအလုပ်ပါပဲ။ ကျုပ်အိမ်က ကလေးတွေကို စန္ဒရားနဲ့စောင်း သင်ပေးပါ။ ကျုပ် မောင်ရင်ကျေနပ်အောင်လည်း လခကြည့်ပေးပါ့မယ်"

ကိုဘခက်သည် သူ့အဖြစ်ကိုပင် သူမယုံနိုင်အောင်ရှိတော့သည်။ အမှန်၌ ရန်ကုန်ဆင်းလာခြင်းကပင် သည်ပညာဖြင့် ထူးချွန်အောင် ကြိုးစားမည်ဟူသောဖွဲ့ဖြင့် ဆင်းလာခြင်းဖြစ်သည်။ ရန်ကုန်သို့ဆင်းလာစဉ်ကမူ မျှော်လင့်ချက်ကလေးတစ်ခုဖြင့် စိတ်ကူးယဉ်ခဲ့မိသည်။ ရန်ကုန်ရောက်လျှင် ပြိုင်ပွဲတွင်ဝင်၍နွှဲမည်။ ပြိုင်ပွဲကနေ နာမည်တစ်လုံးရအောင်လုပ်မည်။ သည်နာမည်တစ်လုံးဖြင့် ရန်ကုန်ဂီတလောကတွင် ဝင်၍တိုးမည်။ နောက် ကျော်စောခြင်းကိုရအောင်ယူမည်။

ဤကား ကိုဘခက်၏စိတ်ကူးယဉ်ချက်ဖြစ်သည်။ သို့သော် ကနေ့တွေ့ရသော အဖြစ်အပျက်များက သူ စိတ်ကူးယဉ်ခဲ့သမျှကို ပျက်ပြားစေခဲ့သည်။

ထို့ကြောင့်လည်း ရည်ရွယ်ချက်ကင်းမဲ့စွာ လျှောက်၍လာခဲ့မိသည်။ ယခုမူ မမျှော်လင့်သော အဖြစ်နှင့် ရင်ဆိုင်တိုးရပြန်သည်။ အစ၌ ထိုလူကြီး ပြောနေသောစကားများကိုပင် မယုံနိုင်အောင် ရှိတော့သည်။ မယုံနိုင်သောစိတ်ဖြင့် သူ့မျက်နှာကို အကဲခတ်လိုက်ပြန်တော့လည်း လူကြီး၏ တည်ကြည်ခံ့ညားသောဣန္ဒြေက သူ၏သံသယစိတ်ကို ပြေပျောက်သွားစေတော့သည်။

"ကျွန်တော့်စိတ်ကြိုက် သင်ရမယ်ဆိုရင် ဦးအလုပ်ကို လက်ခံမယ်။ မသင်ရဘူးဆိုရင်တော့ ကိစ္စမရှိပါဘူး။ ဘုရားပေါ်မှာပဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာအိပ်ပြီး ပြန်စရိတ်ရအောင် တယောထိုးပြီး တောင်းမယ်"

လူကြီးသည် ကိုဘခက်စကားကို နားထောင်ရင်း အသံထွက်အောင်ရယ်လိုက်သည်။

"ကြိုက်တယ်ဟေ့.... အနုပညာသမားဆိုတာ ဒီလိုသတ္တိရှိမှ ကျုပ်ကကြိုက်တာ၊ ဒီမှာမောင်ရင့်စိတ်ကြိုက်ပဲသင်ပါ။ ဦးတို့မတတ်လို့သာ ဆရာခေါ်ပြီးအသင်ခိုင်းတာပဲဟာ၊ ဘာမှဝင်စွက်စရာ မလိုပါဘူး။ မောင်ရင့်အဝတ်အစားတွေ သွားယူကြရအောင်"

လူကြီးသည် ကားတံခါးကိုဖွင့်၍ ကိုဘခက်အား ရှေ့မှဝင်စေပြီးလျှင် သူက နောက်မှဝင်၍ ထိုင်လိုက်သည်။

"ရန်ကင်းက မောင်ဘရီတို့အိမ်ကို မောင်းကွယ်"

လမ်းတစ်လျှောက်တွင် လူကြီးသည် စကားကို မနားတမ်းပြောလိုက်လာသည်။ ကိုဘခက်သည် လူကြီးပြောသမျှစကားကို လုံးဝမကြားတော့ချေ။ သူ့အတွေးနှင့်သူ နစ်နေတော့သည်။ ရန်ကင်းရောက်လျှင် သူ့အဝတ်အစားများကို ဝင်၍ယူရသည်။ တော်သေးသည်၊ ကိုဘရီက အိမ်သို့ပြန်မရောက်သေးချေ။

ကိုဘခက်သည် သူ၏ မမျှော်မှန်းနိုင်သော ရှေ့ရေးကိုတွေး၍ ရင်လေးရမလို၊ အားတက်ရမလို ရှိတော့သည်။ အမှန်ကား သူ့ဘဝအတွက် 'မ'နှင့် ဆုံစည်းရန် အစပျိုးခဲ့ခြင်းကိုမူ လုံးဝပင် မတွေးခဲ့ချေ။

ကိုဘခက်တို့စီးလာသော ကားကလေးသည် အင်းလျားကန်ဘေးမှ ခြံတစ်ခုအတွင်းသို့ ဝင်၍လာခဲ့သည်။ ကိုဘခက်သည် အပေါက်ဝမှ ဆိုင်းဘုတ်ကို သတိထား၍ ကြည့်လိုက်သည်။

" ဦးကျော်ဒင်"

ကိုဘခက်သည် ဆိုင်းဘုတ်ကို ဖတ်လိုက်ရင်း ဦးကျော်ဒင်အား အကဲခတ်၍ ကြည့်လိုက်သည်။ ဦးကျော်ဒင်၏ ခံ့ညားသောမျက်နှာ၊ ထူထဲသော မျက်ခုံး .. စသည်တို့ကို အကဲခတ်ခြင်းအားဖြင့် တက်ကြွသူတစ်ယောက်ဖြစ်မည်ကို ခန့်မှန်းရလေသည်။ ဆင်ဝင်ရှေ့သို့ ကားထိုးရပ်လိုက်သည်နှင့် တစ်ပြိုင်နက် အတွင်းမှ လူငယ်တစ်ယောက် သံတံခါးကို လာ၍ဖွင့်ပေးလေသည်။ ကိုဘခက်သည် လွယ်အိတ်ကိုယူ၍ ကားပေါ်မှ ဆင်းလိုက်သည်။

"ဟေ့ ... မောင်အေးရေ၊ ဒီအိပ်ရာလိပ် ယူသွားပါကွ၊ ပြီးတော့ တို့စတိုခန်းကို ရှင်းလိုက်၊ ခုတင်တစ်လုံးချပြီး ပြင်ပေးလိုက်"

ကိုဘခက်သည် ဧည့်ခန်းပေါက်ဝတွင် ရပ်၍နေမိသည်။ ဧည့်ခန်း အဆောင်အယောင်ကိုကြည့်ပြီး ဝင်ရမည်ကိုပင် ရှိန့်နေသလိုရှိတော့သည်။

ဧည့်ခန်းအတွင်း၌ကား ဦးကျော်ဒင် ဝင်သွားသဖြင့် ဆူဆူညံညံရှိနေတော့သည်။

"ဟော ... ဒက်ဒီပြန်လာပြီ၊ ဟေ့ ... မွန်ရေ၊ ဒက်ဒီပြန်လာပြီဟေ့ ..."

"ဒက်ဒီက သိပ်နောက်ကျတာပဲ၊ သမီးတို့ ရုပ်ရှင်သွားမလို့၊ ဘာနာဒင်းပြနေတယ် ဒက်ဒီ၊ လက်မှတ်တောင် ဝယ်လို့ရပ့ါမလားမသိဘူး"

"ဟေ့ ... ဗစ်တာက လက်မှတ်ဝယ်ခဲ့မယ် ပြောတယ်ကွ"

ကိုဘခက်သည် ဧည့်ခန်းပေါက်ဝတွင် ကျောပေး ရပ်နေရာမှ အသာလှည့်၍ကြည့်လိုက်သည်။

ဦးကျော်ဒင်သည် ဆိုဖာပေါ်တွင် ထိုင်နေရာမှ ကိုဘခက်ကို လှမ်းကြည့်လိုက်သည်။

"ဟေ့ ... မောင်ဘခက်၊ လာလေကွာ ... လာပါကွ"

မိန်းမပျိုနှစ်ယောက်သည် ကိုဘခက်ကို လှမ်း၍ ကြည့်လိုက်သည်။ ကိုဘခက်သည် အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်သွားလိုက်သည်။ ဦးကျော်ဒင်နှင့် မလှမ်းမကမ်းတွင် ရပ်လိုက်သည်။

မိန်းမပျိုလေးနှစ်ဦးက ဦးကျော်ဒင်နှင့် ကိုဘခက်ကို တစ်လှည့်စီ ကြည့်လိုက်သည်။

"ထိုင်ကွာ .... မောင်ဘခက်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ 'မ' ရော ဘယ်သွားလဲ၊ ခေါ်စမ်း ... မော်"

မော်သည် ကိုဘခက်အား ပြောင်စပ်စပ်ကြည့်လိုက်ပြီးလျှင် အပေါ်ထပ်ဆီသို့ လှမ်း၍အော်လိုက်သည်။

" 'မ' ရေ ... 'မ' ... ဒက်ဒီခေါ်နေတယ်ဟေ့"

ကိုဘခက်သည် ဦးကျော်ဒင်အနီးမှ ဆိုဖာတွင် ဝင်၍ထိုင်လိုက်သည်။ ဦးကျော်ဒင်က သူ့သမီးများကို ပြုံး၍ကြည့်လိုက်သည်။

"ဟောဒါက သမီးအကြီးဆုံး မွန်၊ ဆေးကောလိပ်မှာ နောက်ဆုံးနှစ်ရောက်နေပြီ၊ သူက အငယ်ဆုံး မော်တဲ့။ ဥပစာ ပထမနှစ်မှာ တက်နေတယ်"

ကိုဘခက်သည် မွန်နှင့် မော်ကို အကဲခတ်၍ ကြည့်လိုက်မိသည်။ မွန်သည် သေးသွယ်သော ကိုယ်လုံးရှိသည်။

ဆရာဝန်မလောင်းဟု ဆိုရသော်လည်း သူ့အသားအရေမှာ ဖျော့တော့ နွမ်းနယ်လှသည်။

သို့သော် မွန့်၏မျက်နှာကလေးကား ချစ်စရာကောင်းသည်။ မျက်လုံးကလေးများက ဝိုင်းစက်ကြည်လင်သည်။ ဝတ်စားပုံမှာလည်း ခပ်ရိုးရိုးပင်။

မော်ကား မွန်နှင့် ညီအစ်မဟု ဆိုရသော်လည်း ရုပ်ချင်းမဆင်လှပေ။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

"ခင်ဗျား . . . ကျွန်တော့်ကို အလုပ်ပေးမယ် . . . ဟုတ်လား၊
ကျွန်တော်က အတီးအမှုတ်ကလွဲလို့ တခြားဘာမှမလုပ်တတ်ဘူး"
ကိုဘခက်၏စကားကိုပင် လူကြီးက သဘောကျသွားဟန်ရှိသည်။
လူကြီးသည် ကိုဘခက်အား ပြုံး၍ကြည့်လိုက်ရင်း ပခုံးကို အသာပုတ်လိုက်သည်။
"ကျုပ် လူကဲခတ်မညံ့ပါဘူး၊ မောင်ရင်ကလည်း ဒီအလုပ်ကလွဲလို့
တခြားအလုပ်ကို လုပ်မယ့်သူမဟုတ်ဘူးဆိုတာ ကျုပ် အကဲခတ်မိပါတယ်။
အခု မောင်ရင်လုပ်ရမှာလည်း ဒီအလုပ်ပါပဲ။ ကျုပ်အိမ်ကကလေးတွေကို
စန္ဒရားနဲ့ စောင်း သင်ပေးပါ။ ကျုပ် မောင်ရင်ကျေနပ်အောင် . . ."

# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၄၂)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် ထီပေါက်စဉ် ၂၀၂၂ ခုနှစ် စက်တင်ဘာလ (၁) ရက်နေ့** *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀)ဆု
င – ၈၃၆၈၁၇

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀)ဆု
ည – ၇၀၄၁၆၉

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ
စ – ၄၁၅၈၁၅ ည – ၇၂၇၄၄၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့်ကျပ်သိန်း(၅၀၀)ဆု (၂)ဆု

င – ၂၈၇၃၁၇ ဂ – ၈၂၄၇၉၀

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ
ခ – ၃၁၆၈၄၇ ဇ – ၅၃၇၆၄၉
ဂ – ၃၃၆၁၉၈ ဇ – ၉၃၆၉၇၇

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများ အပါအဝင်) အား ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့်ကျပ်သိန်း(၂၀၀)ဆု(၂)ဆု

ဂ – ၃၅၆၈၉၇ ခ – ၈၆၉၇၈၄

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ
ဃ – ၁၀၆၂၆၃ ဈ – ၆၅၄၁၄၉
ခ – ၂၄၃၃၇၆ င – ၇၇၁၂၆၂
စ – ၄၇၃၈၀၀ ခ – ၈၀၃၆၉၅
ဈ – ၅၆၂၈၅၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၁၀၀)ဆု (၁)ဆု

ဂ – ၉၈၂၁၅၈

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ
ဇ – ၁၀၃၅၆၉ က – ၃၀၉၄၄၆
ခ – ၁၃၈၄၉၁ ခ – ၅၆၄၄၉၀
ဂ – ၁၈၁၃၉၆ ဆ – ၆၀၄၅၅၇
င – ၂၅၄၆၀၆ ခ – ၈၄၂၂၀၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀)ဆု (၁)ဆု

ဂ – ၆၈၂၁၉၂

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ
ခ – ၂၁၈၇၃၉ စ – ၅၄၈၆၃၈
ဂ – ၂၈၃၃၈၃ ဇ – ၆၁၇၇၇၈
စ – ၂၉၈၁၆၆ ဈ – ၆၂၁၁၅၅
ဆ – ၄၉၂၇၈၀ စ – ၆၅၈၄၁၉
ဃ – ၅၀၇၆၁၇ ဇ – ၆၆၂၅၆၀
ဈ – ၅၃၅၄၁၈ ဇ – ၇၇၁၀၅၇

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ
ည – ၁၀၁၆၁၈ ည – ၅၃၇၂၈၉
ခ – ၂၄၃၅၀၀ ဈ – ၅၆၉၆၄၅
က – ၂၈၃၂၉၅ ဈ – ၆၃၃၄၇၉
င – ၃၀၅၄၆၇ စ – ၆၅၅၈၃၇
ဈ – ၄၂၇၄၀၅ ဃ – ၇၆၂၁၃၇
ည – ၄၅၃၆၂၁ ဆ – ၉၆၁၈၆၀

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ
ဆ – ၁၈၇၅၅
ဆ – ၃၀၇၆၂
ဃ – ၉၂၃၆၃
ဆ – ၉၇၁၇၆

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ
က – ၁၅၂၄
က – ၆၇၁၁
ခ – ၈၄၂၂

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ
ဇ – ၁၃၆ ဆ – ၄၉၀
က – ၁၆၈ က – ၅၁၅
ည – ၁၉၂ ခ – ၇၁၉
က – ၃၃၈ ည – ၈၀၉
စ – ၃၅၇ ဆ – ၉၄၀
ည – ၃၇၃ က – ၉၆၄

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ
မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်း ရငွေများ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်ငါးသောင်းဆု( ၃ )ယူနစ်

င – ၄၇ က – ၈၀ ဈ – ၉၆

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ
ဂ – ၇၂၅၇၀၃ ဂ – ၉၄၂၉၂၃

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆု (၁)ယူနစ်
င – ၉၇၁၂၅

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆု (၁)ယူနစ်
ဂ – ၄၂၂၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ – ကျပ်(၂)သိန်း

၁။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၄၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ ( ၁၆၆၈၀ ) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄၃)ကြိမ်မြောက် ကျပ် (၁၀၀၀) တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာ မှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံး ဖြစ်ပါသည်။

၃။ (၄၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂ – ၉ – ၂၀၂၂ )ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၉ – ၉ – ၂၀၂၂ ) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စု စာရင်းမူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်။**

**တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ (Guardian)အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၊ တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးကို ရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လို။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၄ ရက်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

## ကော့သောင်းမြို့၌ ပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် စားသုံးဆီများ ရောင်းချပေး

ကော့သောင်း စက်တင်ဘာ ၁

မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် ကော့သောင်းခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက စားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းတွင် ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက်ရှိပြည်သူများအား ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နေပြည်သူများ ချက်ပြုတ်စားသောက်မှုကိစ္စတွင် တစ်ဖက်တစ်လမ်းမှ အဆင်ပြေကြစေရန် မီးဖိုချောင်သုံးစားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းဖြစ်ရာ လူတစ်ဦးလျှင် စားအုန်းဆီတစ်ပိဿာကို ကျပ် ၅၃၀၀ နှုန်းဖြင့် မည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ရေး မိုဘိုင်းယာဉ်ဖြင့် လိုက်လံရောင်းချပေးခြင်းဖြစ်သည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❋



## AFF Cup 2022 ပြိုင်ပွဲတွင် မြန်မာအသင်း မလေးရှားနှင့် စတင်ကစားရမည်

ရန်ကုန် စက်တင်ဘာ ၁

AFF Cup 2022 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

**ယှဉ်ပြိုင်ကစားရမည်**

ပြိုင်ပွဲကို ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်တစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဒီဇင်ဘာ ၂၁ ရက်တွင် မလေးရှားအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် စင်ကာပူအသင်းနှင့် အဝေးကွင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင် လာအိုအသင်းနှင့် စာမျက်နှာ ၁၆ ကော်လံ ၂ သို့ ○

### ယနေ့ ဖတ်စရာ


**ဓာတ်ခွဲနမူနာစုစုပေါင်း ၈၄၃၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄ ဦးတွေ့ရှိ**

စာမျက်နှာ » ၁၂

**မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇက်၏ဇနီး ရိုစ်မက်ရှ် မန်ဆာအား အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ်များ ချမှတ်**

စာမျက်နှာ » ၁၃

**နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသော မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားမှတ်တိုင်အမှတ် ဘီပီ-၄၀ ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းအား AA အဖွဲ့က သာလွန်အင်အားဖြင့် ဝင်ရောက်တိုက်ခိုက်**

စာမျက်နှာ » ၁၅


## အာဆင်နယ်အသင်း ရာနှုန်းပြည့်နိုင်ပွဲဆက်ခဲ့ပြီး မန်စီးတီးနဲ့ လီဗာပူးတို့လည်း နိုင်ပွဲကိုယ်စီရရှိခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၅)ရဲ့ စက်တင်ဘာ ၁ ရက်နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲစဉ်တွေထဲမှာ အာဆင်နယ်အသင်းဟာ အက်စ်တွန်ဗီလာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ရာနှုန်းပြည့်နိုင်ပွဲဆက်ခဲ့ကာ ငါးပွဲကစားပြီး ရမှတ် ၁၅ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

အာဆင်နယ် အသင်းနဲ့ အက်စ်တွန်ဗီလာအသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက်သွင်းဂိုးတွေကိုပွဲကစားချိန် မိနစ် ၃၀ မှာ ဂါဘရီယဲဂျီးဆပ်က တစ်ဂိုး၊ ၇၇ မိနစ်မှာ မာတီနယ်လီက တစ်ဂိုးသွင်းယူပေးခဲ့ပြီး အက်စ်တွန်ဗီလာအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၇၄ မိနစ်မှာ ဒေါက်ဂလပ်လူးဝစ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ အာဆင်နယ်အသင်းအတွက် ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ နောက်ပိုင်း ပရီမီယာလိဂ်ရာသီ အဖွင့်ငါးပွဲ စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ●



အာဆင်နယ်အသင်းကစားသမားများကို တွေ့ရစဉ်။